ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁ ရက်၊ အင်္ဂါနေ့၊ (25-12-2007) (၅၅၄၂)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✱ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✱ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✱ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး မွန်ပြည်နယ် မော်လမြိုင်မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်နိုင်ဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၁ ရက် နံနက် ၈ နာရီခွဲတွင် နည်းပညာတက္ကသိုလ်(မော်လမြိုင်) ပင်မသုံးထပ်ဆောင် တည်ဆောက်ရေးစီမံကိန်းသို့ရောက်ရှိရာ နည်းပညာတက္ကသိုလ် ခေတ္တကျောင်းအုပ် ဒေါက်တာရန်အောင်ဦး၊ နည်းပညာတက္ကသိုလ်(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်း အင်ဂျင်နီယာ ဦးဇော်ဝင်းနှင့် ကွန်ပျူတာတက္ကသိုလ် (သထုံ)မှ ဒေါက်တာနေခြည်လွဲလွဲသိန်းတို့က လုပ်ငန်းဆိုင်ရာများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက လိုအပ်သည်များကို ဆွေးနွေးမှာကြားပြီး နည်းပညာတက္ကသိုလ်(မော်လမြိုင်)မှ ဆရာ၊ ဆရာမများအတွက် ဝတ်စုံကြေးငွေကျပ် ငါးသိန်းကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဗိုလ်ချုပ်သာအေး၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် နည်းပညာတက္ကသိုလ်(မော်လမြိုင်) ပင်မသုံးထပ်ဆောင် အစည်းအဝေးခန်းမ ဆောက်လုပ်ပြီးစီးမှုနှင့် စာသင်ဆောင်၊ စာသင်ခန်းမများ ဆောက်လုပ်ပြီးစီးမှုအခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

နည်းပညာတက္ကသိုလ် (မော်လမြိုင်) ပင်မသုံးထပ်ဆောင် အဆောက်အအုံသည် အလျား ၅၁၃ ပေ၊ အနံ ၃၅၈ ပေရှိပြီး အဆောက်အအုံတွင် ပေ ၄၀×၃၀ စာသင်ခန်း ၃၈ ခန်း၊ ပေ ၁၂၀ × ၈၀ အစည်းအဝေးခန်းမ တစ်ခန်း၊ ပေ ၄၀ × ၃၀ ဓာတ်ခွဲခန်း တစ်ခန်း၊ ပေ ၃၀ × ၁၃ သန့်စင်ခန်း ၁၂ ခန်းနှင့် ဧရိယာစတုရန်းပေ ၉၁၃၈ ဒသမ ၆ ရှိ ဆင်ဝင်ခန်း တစ်ခန်း ပါရှိပြီး ယနေ့အထိ အဆောက်အအုံ တစ်ခုလုံး၏ ၉၉ ဒသမ၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထောက်ပံ့ပေးအပ်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး နည်းပညာတက္ကသိုလ် (မော်လမြိုင်) ဆရာ၊ ဆရာမများအတွက် ဝတ်စုံကြေး ငွေကျပ် ငါးသိန်းကို ထောက်ပံ့ပေးအပ်စဉ်။

(သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၂၄–၁၂–၂၀၀၇

ဟားခါး	→	၂ ဒီဂရီစင်တီဂရိတ်
မိုးကုတ်	→	၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်း	→	၄ ဒီဂရီစင်တီဂရိတ်
နမ့်စန်	→	၅ ဒီဂရီစင်တီဂရိတ်
ဟဲဟိုး	→	၅ ဒီဂရီစင်တီဂရိတ်

ကြေးမုံ ယနေ့ သတင်းအညွှန်း

နိုင်ငံတကာမှ ပန်းချီကား ၁၀၀ ပြပွဲ (အနုပညာကဏ္ဍ) — စာမျက်နှာ–၅

မြိတ်နိဒ္ဓိ ခရစ္စမတ်လက်ဆောင် ပစ္စည်းများ ပေးပို့မှုနှောင့်နှေး — စာမျက်နှာ–၇

ထူးထူးခြားခြား နေစကြဝဠာမှ ဂြိုဟ်များ — စာမျက်နှာ–၈

ကြေးမုံ သတင်းဆောင်းပါးအညွှန်း

ရတနာပုံ တယ်လီပို့သည် ပြည်သူများအား နိုင်ငံတကာနှင့် ထိတွေ့ဆက်ဆံပေါင်းကူးမည့် နေရာဖြစ်သည်။ နိုင်ငံတကာမှ အိုင်စီတီနည်းပညာများ ပိုင်ဆိုင်ကြသော ကုမ္ပဏီ ၁၁ ခုကလည်း ရင်းနှီးမြှုပ်နှံရန် အဆိုပြုထားသည်။ မြန်မာလူငယ်များအတွက်လည်း အလုပ်အကိုင် အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာမည်။

ညီညီထွန်း(သတင်းစဉ်)၏ **“ပန်းမြို့တော်တွင် ဖူးပွင့်လာသော အိုင်စီတီ ပန်းပွင့်များ”**

(သတင်းဆောင်းပါး) စာမျက်နှာ–၁၀

ဓာတ်ပုံ–ဌေးအောင်(ကြေးမုံ)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၅-၁၂-၂၀၀၇
(အင်္ဂါနေ့)

အမျိုးသားရေးအမြင်ဖြင့် သုံးသပ်ရှုမြင်
အစဉ်အလာကောင်း၊ အမွေခံကောင်းများ ထိန်းသိမ်းမြှင့်တင်

စာပေသည် အမျိုးသားယဉ်ကျေးမှု၏ အရင်းအမြစ်ဖြစ်သည်။ မြန်မာအက္ခရာနှင့် မြန်မာစာပေသည် လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကပင် ထွန်းကားနေခဲ့ပြီးဖြစ်သည်။ မြန်မာတို့၏ ယဉ်ကျေးသိမ်မွေ့သည့် ဓလေ့စရိုက်၊ ထက်မြက်သည့် စွမ်းဆောင်ရည်၊ ခိုင်မာသည့် စိတ်ဓာတ် စသည်တို့သည် စာပေက မွေးဖွားပေးလိုက်သော မြန်မာ့ဂုဏ်ရည်များပင် ဖြစ်သည်။

မျက်မှောက်ခေတ်စာပေပညာရှင်များသည် ယင်းသို့ ကောင်းမြတ်သည့် ရိုးရာအစဉ်အလာများကို ခေတ်အမြင်ဖြင့် မြှင့်တင်ရင်း နိုင်ငံနှင့် လူမျိုးယဉ်ကျေးမှု အဆင့်အတန်းမြင့်မားနေစေရေး ဆက်လက်ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်သည်။ ပြည်သူများအတွင်း နိုင်ငံတော်သစ်နှင့် ဆီလျော်ကိုက်ညီမည့် စိတ်ဓာတ်ရေးရာအခြေခံကောင်းများ၊ နိုင်ငံကြီးသားကျင့်ဝတ်များနှင့် ပြည့်စုံနေစေရေး စာပေစွမ်းအားဖြင့် ဖန်တီးဖော်ဆောင်ပေးကြရမည်ဖြစ်သည်။

နိုင်ငံတော်က စာပေလောက ရှင်သန်ထွန်းကားရေးအတွက် ဘက်စုံ၊ ကဏ္ဍစုံက ပံ့ပိုးအားပေးကူညီလျက်ရှိသည်။ စာပေပညာရှင်များနှင့် စာပေလက်ရာမွန်များကို နှစ်စဉ်ရွေးချယ်ဖော်ထုတ်ပြီး စာပေဆုနှင်းပွဲများဖြင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။

၂၀၀၆ ခုနှစ်အတွက် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆု ချီးမြှင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၂၃ ရက်နေ့က နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြီး စာပေဆုရရှိသူ စာပေပညာရှင်များအား ဆုများချီးမြှင့်ခဲ့သည်။

စာပေပညာရှင်များအနေဖြင့် ပြည်သူများ ခေတ်နှင့်တစ်ပြေးညီ ဗဟုသုတကြွယ်ဝပြီး မှန်မှားဆိုးကောင်း ပိုင်းခြားသိမြင်နိုင်စေရေး စာပေဖြင့် အသိပညာပေးကြရမည်ဖြစ်သည်။ အကြောင်းအရာ အခြေအနေ အရပ်ရပ်ကို အတိတ်သမိုင်း သင်ခန်းစာများနှင့် ထင်ဟပ်ရှုမြင်၍ အမျိုးသားရေးအသိအမြင်၊ အမျိုးသားရေးစိတ်ဓာတ် ကြည်လင်ထက်သန်နေစေရန် စာပေစွမ်းပကားဖြင့် အကျိုးဆောင်ပေးရန် တာဝန်ရှိပေသည်။

ယနေ့ကာလကဲ့သို့ အနောက်နိုင်ငံကြီးများ၏ သြဇာစွက်ဖက်လွှမ်းမိုးခြယ်လှယ် နှောင့်ယှက်မှုများ၊ တိုင်းတစ်ပါး ယဉ်ကျေးမှု အငွေ့အသက်၊ ဓလေ့စရိုက်များ ထိုးဖောက်ဝင်ရောက်လာနေသည့် အချိန်အခါမျိုးတွင် စာပေပညာရှင်များက အမျိုးသားယဉ်ကျေးမှု မထိပါး မကျိုးပေါက်စေရန် စာပေရှုထောင့်မှ အမျိုးသားရေးအမြင်ဖြင့် သုံးသပ်ရှုမြင်ရေးသားကြရမည်ဖြစ်သည်။ စာပေပညာရှင်များ အားလုံးအနေဖြင့် မြန်မာ့ရိုးရာ အစဉ်အလာကောင်း၊ အမွေခံကောင်းများကို ထိန်းသိမ်း မြှင့်တင်ရင်း နိုင်ငံနှင့်လူမျိုး အကျိုးဖြစ်ထွန်းစေမည့် သုတရသစာကောင်းပေမွန်များ ဆက်လက်ရေးသား ပြုစုကြခြင်းဖြင့် တိုင်းကျိုးပြည်ပြု စာပေတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သွားကြရမည် ဖြစ်ပါသည်။ ။

ရန်ကင်း ပြည်သာယာ (တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ် ဆေးခန်းအတွက် မလေးရှားရောက် မြန်မာလူငယ် (၂၀၀၆-၂၀၀၇) မိသားစုများက အမေရိကန်ဒေါ်လာ ၁၅၀ လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော် (မဟာဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်မြတ်က ဂုဏ်ပြုလွှာပြန်လည်ချီးမြှင့်စဉ်။ (၅၃၅)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကရင်ပြည်နယ်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မုပွလင်ကျောက်ထုတ်အလုပ်စခန်းတာဝန်ခံတို့အား တွေ့ဆုံမှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၄

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးသည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စောဝင်းနှင့် တာဝန်ရှိသူများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းထွန်းအောင်တို့ လိုက်ပါ၍ ဒီဇင်ဘာ ၂၃ ရက်တွင် မွန်ပြည်နယ် သထုံမြို့သို့ ရောက်ရှိသည်။

ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သုဝဏ္ဏရိပ်သာ၌ ကရင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနညွှန်ကြားရေးမှူး ဦးမောင်မောင်၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဘစိန်နှင့် သထုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်တို့အား တွေ့ဆုံ၍ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးအခြေအနေများ ရှင်းလင်းပြီး နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး၊ နိုင်ငံတကာအမြင်များဖြင့် တာဝန်ထမ်းဆောင်ကြရန်၊ ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ဌာန(၄)ခု အချင်းချင်း စည်းစည်းလုံးလုံး ပေါင်းစည်းဆောင်ရွက်ကြရန်နှင့် နိုင်ငံတော်မူဝါဒလမ်းစဉ်(၇) ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်းပြီး ပြည်သူလူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့် အဖွဲ့သည် ကျိုက်ထိုမြို့နယ်၊ မုပွလင်ကျောက်ထုတ်အလုပ်စခန်းသို့ ရောက်ရှိပြီး အကျဉ်းဦးစီးဌာန တာဝန်ခံ လက်ထောက်ညွှန်မှူးဦးကျော်စိုးက ဦး/ရေး/ထောက် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက တင်ပြချက်များအပေါ် လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး ကျိုက်ထိုမြို့နယ် မုပွလင်ကျောက်ထုတ် အလုပ်စခန်းတွင် အကျဉ်းဦးစီးဌာန တာဝန်ခံနှင့် ဝန်ထမ်းများအား တွေ့ဆုံစဉ်။ (ပြည်ထဲရေး)

တောင်ဥက္ကလာပမြို့နယ် (၁၂) ရပ်ကွက် မာဃလမ်းရှိ မာဃဓမ္မာရုံကြီးတွင် မိဂသီလမ်း (၁၂) ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ဦးရွှေဝင်း-ဒေါ်တင်တင်ချို မိသားစုက မူလသစ္စာဒီပက ဝိပဿနာအဖွဲ့ချုပ် တရားရိပ်သာ ဆောက်လုပ်ရန်အတွက် အလှူငွေကျပ် တစ်သိန်းကို အဖွဲ့ဥက္ကဋ္ဌ ဦးမြသောင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ကိုယ့်အားကိုယ်ကိုး မီးသတ်စက်နှင့်ရေဘားဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန် အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ ဦးဆောင်မှုဖြင့် နှင်းဆီကုန်း(က)ရပ်ကွက် အင်ကြင်းလမ်းမိသားစုများ၏ ကိုယ့်အားကိုယ်ကိုး မီးသတ်စက်နှင့် မီးသတ်ရေဘားဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီက အင်ကြင်းလမ်း၊ မင်္ဂလာမုခ်ဦးရှေ့၌ ကျင်းပရာ ရှေးဦးစွာ မင်္ဂလာအချိန်တွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်ဝေ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်နှင့် ရပ်ကွက်ငြိမ်းရိပ် ဂျုံးဖြူရေကော်မတီဥက္ကဋ္ဌ ဦးခင်မောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)** (၅၀၆)

သက်ကြီးပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ကြို့ပင်ကောက်မြို့နယ် အသင်း၏ ၂၀၀၇ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်း ရွှေတိဂုံဘုရားကြီး တောင်ဘက်မုခ် စည်ပင်သာယာရေးဓမ္မာရုံ၌ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ နှစ်ပတ်လည်အစည်းအဝေးနှင့်အတူ သက်ကြီးပူဇော်ပွဲ၊ အသင်းဝင်များ၏ ထူးချွန်သား၊ သမီးများသို့ ဆုချီးမြှင့်ခြင်းကိုပါ ပူးတွဲကျင်းပမည်ဖြစ်သည်။

အသက် ၈၀ နှင့်အထက် အဘိုး၊ အဘွားများနှင့် ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သည့် ထူးချွန်သား၊ သမီးများ၏ စာရင်းကို ဦးဝမ်းလှိုင် ဖုန်း-၅၁၆၄၀၁၊ ဦးတင်မြင့် ဖုန်း-၆၄၄၄၁၃၊ ၆၄၄၈၀၀ နှင့် ဦးခင်နု ဖုန်း-၃၇၅၄၀၄၊ ၃၇၅၀၃၈ တို့သို့ ဇန်နဝါရီ ၇ ရက် နောက်ဆုံးထား ဆက်သွယ်ရန်နှင့် အလှူငွေများ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဒီဇင်ဘာ ၂၃ ရက် နံနက်က ဒေါပုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ စခန်းမှူး ရဲအုပ်တင်မြင့်က အရက်မူးအောင်တိုက်ပြီး ဆွဲကြိုးဖြတ်ပြေးသူ တရားခံထံမှ ပြန်လည်သိမ်းဆည်းရမိသော တန်ဖိုးငွေကျပ် ၁၅ သိန်းကျော်တန် ရွှေရည် ၁၅ ပဲရည်ရှိ အလေးချိန် သုံးကျပ် သား သံကြိုးပုံရွှေဆွဲကြိုးကို ပစ္စည်း ပိုင်ရှင်ဖြစ်သူ ဦးအောင်ကိုထံ ပြန်လည်လွှဲပြောင်းပေးစဉ်။ (သတင်းစဉ်)

ရံဖန်ရံခါပေါ်ပေါက်တတ်သည့် သာသနာ့ရန်စွယ်အန္တရာယ်မှန်သမျှကို သုတ်သင်ဖယ်ရှား သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့ရေးကို ကြိုးစားမယုတ် အားထုတ်တော်မူ

ဩဝါဒကထာ မြွက်ကြား

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးကိုယ်စား ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမ ဈေးကျောင်းတိုက် ဆရာတော် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ဩဘာသ ဘိဝံသက သာရဏီယ ဩဝါဒကထာ မြွက်ကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၄

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အကြိမ် (၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနား၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးကိုယ်စား မိန့်ကြားတော်မူအပ်သော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဩဘာသာဘိဝံသ မဟာထေရ်၏ သာရဏီယ ဩဝါဒကထာ—

[၁၃၆၉ ခုနှစ် နတ်တော်လဆန်း ၁၄ရက် (၂၀၀၇ခုနှစ် ဒီဇင်ဘာလ ၂၃ရက်) တနင်္ဂနွေနေ့]

သာသနာရေးဝန်ကြီး ဌာန၊ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အကြိမ် (၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲဖွင့်ပွဲ အခမ်းအနားသို့ ကြွရောက်တော်မူလာကြသော တိပိဋကဓရလောင်းလျာ သာသနာ့အာဇာနည် အရှင်မြတ်တို့နှင့်တကွ နိုင်ငံတော်အစိုးရ အမှူးပြုသော ဥပသကာ ဥပါသိကာမအပေါင်း သူတော်ကောင်းတို့ကို အချိန်ကာလ ရှည်ကြာလေးမြင့်မှတ်သားသင့် မှတ်သားထိုက်သော ဩဝါဒစကားပြောကြားလိုပါသည်။

သာသနာဟု ဆိုအပ်သော မြတ်စွာဘုရားရှင်၏ အဆုံးအမ ဩဝါဒစကားတော်သည် သီလ၊ သမာဓိ၊ ပညာ ဟု ဆိုအပ်သော သိက္ခာသုံးရပ် အကျင့်မြတ်ပင်ဖြစ်ပါသည်။ သီလဆိုသည်မှာ မကောင်းမှုအကုသိုလ်တို့ကို မပြုမိအောင် ကိုယ်နှုတ်နှလုံး စောင့်သုံးကျင့်ကြံခြင်းပင်ဖြစ်ပါသည်။ ထိုသို့ ကိုယ်နှုတ်နှလုံး စောင့်သုံးကျင့်ကြံမှုကို ပြုခြင်းပင်လျှင် အစ၏ကောင်းခြင်းနှင့်ပြည့်စုံသော အာဒိကလျာဏ ပရိယတ္တိသာသနာဟူ၍ ကောက်ယူအပ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ သမာဓိဆိုသည်မှာ ကမ္မဋ္ဌာန်းတရားကို ကျင့်ကြံအားထုတ်သည်မှ မဂ်ဖိုလ် နိဗ္ဗာန်ရသည့်တိုင်အောင် ကုသိုလ်တရားကို ဖြစ်စေခြင်း၊ ဖြစ်အောင် ဘာဝနာ ပွားများအားထုတ်နေခြင်းဖြစ်ပါသည်။ ထိုသို့ ဘာဝနာတရားကို ပွားများနေခြင်းပင်လျှင် အလယ်၏ ကောင်းခြင်းနှင့် ပြည့်စုံသော မဇ္ဈေကလျာဏ ပဋိပတ္တိ သာသနာ ဟူ၍ ကောက်ယူအပ်ကြောင်း မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ ပညာဆိုသည်မှာ နီဝရဏတရား ငါးပါးတို့ ကင်းကွာနေအောင် မိမိစိတ်ကို ဖြူစင်စွာထားရှိရေးအတွက် လက္ခဏာယာဉ်သုံးပါးကို အစဉ်မပြတ်ရှုနေခြင်းပင်ဖြစ်သည်။ ထိုသို့ စိတ်ကိုဖြူစင်စွာထားရှိနေခြင်း၊ ရုပ်နာမ်တရားတို့ကို လက္ခဏာသုံးပါးသို့တင်၍ ရှုနေခြင်းသည်ပင်လျှင် အဆုံး၏ ကောင်းခြင်းနှင့်ပြည့်စုံသော ပရိယောသာန ကလျာဏ ပဋိဝေဓသာသနာဟူ၍ ကောက်ယူအပ်ကြောင်း မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့ပါသည်။

ထိုသို့ အာဒိကလျာဏ ပရိယတ္တိသာသနာ၊ မဇ္ဈေကလျာဏ ပဋိပတ္တိသာသနာ၊ ပရိယောသာနကလျာဏ ပဋိဝေဓသာသနာသုံးရပ်တို့တွင် ပရိယတ္တိသာသနာဟု ဆိုအပ်သော ဗုဒ္ဓပါဝစန ပိဋကသုံးသွယ် နိကာယ်ငါးရပ် ကျမ်းမြတ်တို့သည်သာ အရင်းမူလအခြေခံ ပဓာနဖြစ်ပါသည်။ ထိုပရိယတ္တိ သာသနာမကွယ်သမျှ ကာလပတ်လုံး ပဋိပတ္တိ သာသနာနှင့် ပဋိဝေဓ သာသနာနှစ်ရပ်သည် မကွယ်ပျောက်နိုင်သေးပါ။ အကယ်၍ ပရိယတ္တိသာသနာ ကွယ်ပချေသော်ကား အခြားသော သာသနာနှစ်ရပ်လည်း ကွယ်ပမည်သာဖြစ်ပါသည်။

ပဋိမေ ဘိက္ခဝေ ဓမ္မာသဒ္ဓမ္မဿ ဌိတိယာ အသမ္မောသာယ **စာမျက်နှာ ၉ ကော်လံ ၅ သို့** ✳

သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း အကြိမ်(၆၀) မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲတွင် သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။ (သတင်းစဉ်)

အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်၍ သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန် ဒီဇင်ဘာ ၂၄

သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် အကြိမ်(၆၀)မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကမ္ဘာ့အေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း တက်ရောက်ကြည့်ရှု၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်၊ စာမ ဆရာတော်များနှင့် စာပြန်သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးလှစိုး၊ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အလှူရှင်များ တက်ရောက်ကြည့်ရှုကြသည်။

ဖွင့်ပွဲအခမ်းအနားမစတင်မီ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေး ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ စာထောက်၊ စာမ ဆရာတော်များနှင့် စာပြန်သံဃာတော်များအား မဟာပါသာဏလိုဏ်ဂူတော်ကြီးမှ ဖွင့်ပွဲအခမ်းအနား ကျင်းပမည့် ဝိဇယမင်္ဂလာဓမ္မသဘင်ခန်းမသို့ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက အောင်သပြေစိုက်ပန်းဖလား၊ ကွမ်းတောင်၊ ပန်းကလာပ်နှင့် ဆိုင်းဘုတ်တို့ကို ကိုင်ဆောင်ကာ ပန်းမိုးရွာလျက် ပင့်ဆောင်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မန္တလေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ဆရာတော် တိပိဋကဓရရွေးချယ်ရေး ဩဝါဒါစရိယအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂဝံသာဘိဝံသထံမှ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်နှင့် ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များက ချီးမြှင့်အပ်သော ပရိတ်တရားတော်များကို နာယူကြသည်။

ဩဝါဒကထာ မြွက်ကြား

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကိုယ်စား ဧရာဝတီတိုင်း ညောင်တုန်းမြို့ ပုဏ္ဏာမာရာမဈေးကျောင်းတိုက် ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဩဘာသာဘိဝံသက သာရဏီယ ဩဝါဒကထာကို မြွက်ကြားရာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် ပရိသတ်များက နာယူကြသည်။

(အကျိုးတော်ဆောင် ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို အထက်တွင် ဖော်ပြထားပါသည်။)

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် (၆၁)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒရွေးချယ်ရေး စာမေးပွဲကျင်းပရေးအတွက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ သဃ်န်းကျွန်းမြို့နယ်နေ ဦးကျော်ဆန်းမြင့်—ဒေါ်သင်းသင်းဦးတို့က သင်္ကန်း ၃၀၆ စုံအတွက် ငွေကျပ် ၂၇၅၄၀၀၀၊ လွယ်ဟိန်း ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာစိုင်းဆမ်ထွန်းက Alpine သောက်ရေသန့်အတွက် ငွေကျပ် ၁၈၀၀၀၀၀၊ (ဦးသိန်းမောင်)—ဒေါ်ပါးပါး (စန္ဒီပရဆေးမိသားစု)တို့က ငွေကျပ် ၁၀၀၅၀၀၀၊ ရန်ကုန်မြို့နေ ဦးကြင်ကုတ်—ဒေါ်ဖွားကြည် သားသမီးမြေးတစ်စုတို့က ငွေကျပ် ၇၂၀၀၀၀၊ ဒဂုံမြို့နယ်နေ ဦးစံသာ—ဒေါ်မေဦးခင် မိသားစုတို့က ငွေကျပ်ခြောက်သိန်း၊ မရမ်းကုန်းမြို့နယ်နေ ဦးမိုးနှင်း—ဒေါ်ခင်မာဝင်း (အေဝမ်းရတနာရောင်းဝယ်ရေး)နှင့် သား မောင်ဉာဏ်ထက်အောင်တို့က ငွေကျပ် ၃၇၀၀၀၀၊ ဦးအာဝါး (ခ)ဦးထွန်းဝင်း—ဒေါ်စမ်းစမ်းမော် (စံပြရွှေငါး ကုမ္ပဏီလီမိတက် မိသားစု)တို့က ငွေကျပ်သုံးသိန်း၊ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်နေ ဦးထွန်းကြိုင်—ဒေါ်ဘေဘီသောင်း၊ သားသမီးမြေးတစ်စုနှင့် ဗဟန်းမြို့နယ်နေ သီရိသုဓမ္မဏီဇောတဓရ သမားတော်ကြီး ဦးဘိုကြီး—သီရိသုဓမ္မသီဂီဒေါ်သန်းသန်း (ပြည်လုံးချမ်းသာဆေးတိုက်)တို့က ငွေကျပ်နှစ်သိန်းစီ၊ မရမ်းကုန်းမြို့နယ် ဒေဝနိမ္မိတာရုံကျောင်းတိုက် ဆရာတော် ဦးကုဏ္ဍလ၊ သဃ်န်းကျွန်းမြို့နယ် ကျိုက္ကဆံ ဝေဠုဝန် ရွှေကျင်ကျောင်းတိုက် ဆရာတော်ဦးမာနိတ၊ ဧရာဝတီတိုင်း ဖျာပုံမြို့နယ်နေ ဦးထွန်းရင်—ဒေါ်ထွေးကြည်၊ သမီးသန္တာထွန်းနှင့် ဦးအောင်သိန်း—ဒေါ်သင်းသင်းအေးမိသားစု (အောင်သိန်း သစ်ဆိုင်နှင့် အောင်သိန်းဖိုလ် ကုမ္ပဏီလီမိတက်)တို့က ငွေကျပ်တစ်သိန်းစီတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်လှရွှေဝင်းနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ပင့်ဆောင်

ယင်းနောက် ဓမ္မာသန ပလ္လင်တော်များနှင့် ကနက္ကဒဏ်ထီးဖြူတော်များကို အဘိသေက မန္တန်တော်ဖြင့် ဘိသိက်သွန်း၍ ပလ္လင်တော်များထက်သို့ သာသနာ့အာဇာနည်များအား သာသနာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပင့်ဆောင်ကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လောင်းလှူ

အခမ်းအနားအပြီးတွင် ဆရာတော်၊ သံဃာတော်များအား အလှူရှင်များက သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကို လောင်းလှူကြပြီး မွန်းလွဲ ၁နာရီတွင် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ တိပိဋကဓရ အာဂုံဆောင်ပွဲကို ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

ဖြူးမဟာစည်ဆောင်းရာသီ တရားစခန်းပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ် အမှတ်(၅) ရပ်ကွက် ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာအတွင်း၌ ဆောင်းရာသီ တရားစခန်းပွဲကို ဇန်နဝါရီ ၈ရက်မှ ၂၂ရက် (၁၃၆၉ခု ပြာသိုလဆန်း ၁ ရက်မှ ပြာသိုလပြည့်နေ့) အထိ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (သာသနဓဇ ဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) ဦးဆောင်၍ ၁၅ရက် တိုင်တိုင် ဖွင့်လှစ်မည်ဖြစ်ရာ တရားစခန်း ဝင်ရောက် အားထုတ်လိုသူများ ရိပ်သာဖုန်း— ၅၃၀၀၆၈၊ ၅၀၁၈၄၆ လိုင်းခွဲ(၁၈၁) ၀၉၅၀၁၇၅၅၄ တို့သို့ ကြိုတင်စာရင်းပေးသွင်း နိုင်ကြောင်း သိရသည်။ (က—ပ)

တရုတ်နိုင်ငံ သိပ္ပံပညာရှင်များ တီထွင်ထုတ်လုပ်ထားသော အမြန်ရထားစက်ခေါင်းကို ဒီဇင်ဘာ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကိုရီးယားကျွန်းဆွယ်၌တင်းမာနေရခြင်းမှာ အမေရိကန်ကြောင့်ဖြစ်ကြောင်း မြောက်ကိုရီးယားဝေဖန်

ပြုံယမ်း ဒီဇင်ဘာ ၂၄

အမေရိကန်နိုင်ငံ၏ ရန်လိုသော မူဝါဒများကြောင့် ကိုရီးယားကျွန်းဆွယ်တွင် တင်းမာမှုများ ဖြစ်ပေါ်နေရသည်ဟု မြောက်ကိုရီးယားနိုင်ငံပြည်သူ့တပ်မတော်အထက်တန်းအရာရှိတစ်ဦးက ဒီဇင်ဘာ ၂၃ရက်တွင် ပြောကြားသည်။

အမေရိကန်၏ မပြောင်းလဲသော တင်းမာသည့် စစ်ရေးလိုလားသော သဘောထားများကြောင့် ကိုရီးယားကျွန်းဆွယ်တွင် ယခုတိုင်အောင် တင်းမာနေရခြင်းဖြစ်ကြောင်း မြောက်ကိုရီးယား တပ်မတော် အကြီးအကဲ ကင်ယောက်ဆစ်ခ်ကပြောကြားသည်ကို ကိုးကား၍ ကိုရီးယားသတင်းဌာနက ဖော်ပြသည်။

မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအီးက ကိုရီးယားနိုင်ငံပြည်သူ့တပ်မတော်ဆိုင်ရာ တာဝန်များကိုရယူသည့် ၁၆နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ကင်ယောက်ဆစ်ခ်က အထက်ပါအတိုင်း ပြောကြားခြင်း ဖြစ်သည်။

မတည်မငြိမ်

အမေရိကန်သည် တစ်ဖက်တွင် တွေ့ဆုံဆွေးနွေးရေးနှင့် ညှိနှိုင်းရေးများကို ဆောင်ရွက်နေသော်လည်း အမှန်စင်စစ်တွင်မူ ကိုရီးယားနိုင်ငံ မတည်မငြိမ်ဖြစ်စေရန်သာ ဆောင်ရွက်နေခြင်းဖြစ်သည်ဟု ၎င်းက ဖြည့်စွက်ပြောကြားသည်။

အမေရိကန်နှင့် ဂျပန်နိုင်ငံတို့၏ ရန်လိုသောသဘောထားများကို မိမိတို့အနေဖြင့် ပိုမိုထိရောက်သောနည်းလမ်းများ အသုံးပြု၍ ဆန့်ကျင် တိုက်ခိုက်သွားရန် သန္နိဋ္ဌာန်ချမှတ်ထားကြောင်း ကင်က ဆက်လက်ပြောကြားသည်။

ဝေဖန်

မြောက်ကိုရီးယားနိုင်ငံ၏ နျူကလီးယားပြဿနာနှင့် ပတ်သက်၍ နှစ်ဖက်စလုံးက သဘောအတူညီချက်ရရှိပြီးဖြစ်သည်။ ထိုနောက်ပိုင်းတွင် အမေရိကန်တို့အပေါ် ယခုကဲ့သို့ ပြောကြားခြင်းသည် မြောက်ကိုရီးယားတို့က ပြန်လည် ဝေဖန်မှုပြုလုပ်လိုက်ခြင်းပင် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

သမ္မတသစ်ကို တစ်ဖက်သတ်တင်မြှောက်ရန် ဘုရှ်၏အဆိုပြုချက် လက်ဘနွန်နိုင်ငံ တည်ငြိမ်မှုကို ခြိမ်းခြောက်ဟုဝေဖန်

ဘေရွတ် ဒီဇင်ဘာ ၂၄

လက်ဘနွန်နိုင်ငံတွင် အနောက်အုပ်စု ထောက်ခံသော အာဏာရ ညွန့်ပေါင်းအဖွဲ့က သမ္မတသစ်တစ်ဦးကို တစ်ဖက်သတ် ရွေးချယ်တင်မြှောက်ရန် အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်၏ အစိုးရအဖွဲ့က အဆိုပြုခြင်းသည် နိုင်ငံ တည်ငြိမ်မှုကို ခြိမ်းခြောက်ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာ အမတ်တစ်ဦးက သောကြာနေ့တွင် ဝေဖန်လိုက်သည်။

ပျက်ပြားစေ

သမ္မတဘုရှ်၏ အဆိုပြုချက်သည် အာဏာရညွန့်ပေါင်းအဖွဲ့နှင့် ဆီးရီးယားနိုင်ငံ ထောက်ခံသော အတိုက်အခံတို့အကြား သဘောတူညီမှု ရရှိရေး ကြိုးပမ်းနေမှုများကို ပျက်ပြားစေနိုင်ကြောင်း ဟစ်ဇ်ဘိုလာပါတီမှ ပါလီမန်အမတ်တစ်ဦးဖြစ်သူ ဟာဆန်ဖလာလားက ပြောကြားသည်။

လက်ဘနွန်နိုင်ငံတွင် အာဏာရ ညွန့်ပေါင်းအဖွဲ့နှင့် အတိုက်အခံတို့အကြား အာဏာလွန်ဆွဲမှု ဖြစ်ပေါ်နေသည်မှာ တစ်နှစ်ကျော်ရှိခဲ့ပြီဖြစ်သည်။

လက်ဘနွန်နိုင်ငံတွင် ဆီးရီးယားလိုလားသော သမ္မတ အီမိုင်းလ်လာဟောက်အား ဆက်ခံမည့် ပုဂ္ဂိုလ်တစ်ဦးကို ပါလီမန်က ရွေးချယ်ပေးရန်ရှိသော်လည်း သဘောကွဲလွဲနေမှုများကြောင့် ပါလီမန်အစည်းအဝေးကို ခေါ်ယူနိုင်ခြင်း မရှိခဲ့ပေ။ သမ္မတလာဟောက်၏ ရာထူးသက်တမ်းမှာ နိုဝင်ဘာ ၂၃ ရက်က သက်တမ်းကုန်ဆုံးခဲ့ပြီဖြစ်သည်။***အမ်အင်အေ၊ရိုက်တာ။***

ရုပ်ရှင်ခိုးကူးခွေများ မလေးရှားတွင် သိမ်းဆည်း

ကွာလာလမ်ပူ ဒီဇင်ဘာ ၂၄

မလေးရှားပြည်တွင်း ကုန်သွယ်ရေးနှင့် စားသုံးသူများရေးရာ ဝန်ကြီးဌာနသည် ရင်းဂစ် ၅၄သန်း (အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၈၈ သန်း)ဖိုးရှိ ရုပ်ရှင်ခိုးကူးခွေများကို ယခုနှစ်အတွင်း ဖမ်းဆီးမိခဲ့ကြောင်း သတင်းများအရ သိရှိရသည်။

အဆိုပါဝန်ကြီးဌာနက ဒီဇင်ဘာ ၂ ရက်အထိ စီးနင်းရှာဖွေမှု ၅၈၀၀၀ ကြိမ်ပြုလုပ်ခဲ့ပြီး ရုပ်ရှင်ခိုးကူးခွေ ပြုလုပ်မှုဖြင့် လူပေါင်း ၂၄၂၀ ကို စွဲချက်တင်ခဲ့ကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာက ရေးသားသည်။

ညဈေးတန်းရှိဆိုင်များနှင့် တရားမဝင်စက်ရုံများကို စီးနင်းရှာဖွေကာ ရုပ်ရှင်ခိုးကူးခွေ ၂ ဒသမ ၃၅ သန်းကို သိမ်းဆည်းခဲ့ကြောင်း ဒုတိယဝန်ကြီး ဗီရာဆင်ဂမ်က ပြောကြားသည်။ အဆိုပါဌာနက ရုပ်ရှင်ခိုးကူးခွေဖမ်းဆီးရာတွင် လေ့ကျင့်ပေးထားသည့် ခွေးများကို အသုံးပြုခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် အိန္ဒိယဝန်ကြီးချုပ် သတိပေး ပြည်နယ်များတွင် အထူးတပ်ဖွဲ့များ ဖွဲ့စည်းမည်

နယူးဒေလီ ဒီဇင်ဘာ ၂၄

အိန္ဒိယနိုင်ငံတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ပေါ်ပေါက်လာနိုင်ကြောင်း အိန္ဒိယထောက်လှမ်းရေး အေဂျင်စီက သတိပေးထားသည်ဟု အိန္ဒိယဝန်ကြီးချုပ် မန်မိုဟန်ဆင်းက ကြာသပတေးနေ့တွင် ပြောကြားကြောင်း အင်န်ဒီတီဗွီ ရုပ်မြင်သံကြားသတင်းအရ သိရှိရသည်။

ပြည်နယ်များတွင် လက်ဝဲယိမ်း အစွန်းရောက်အုပ်စုများအား ချေမှုန်းနိုင်ရေး အတွက် အထူးတပ်ဖွဲ့များ ဖွဲ့စည်းရန် မန်မိုဟန်ဆင်းက ပြည်တွင်း လုံခြုံရေးနှင့် ပတ်သက်သည့် ဝန်ကြီးအဖွဲ့ အစည်းအဝေးတွင် ပြောကြားသည်။ ၎င်းအစွန်းရောက်အဖွဲ့များသည် နိုင်ငံတွင်ကြုံတွေ့နေရသည့် အကြီးမားဆုံးသော ခြိမ်းခြောက်မှု အန္တရာယ်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

နယ်မြေအချို့တွင် လက်ဝဲအစွန်းရောက် အကြမ်းဖက်မှုကို ထိန်းချုပ်ထားနိုင်ခဲ့ကြောင်း၊ သို့ရာတွင် ပြည်နယ် အားလုံးတွင် အကြမ်းဖက်မှု အန္တရာယ်ရှိနေဆဲဖြစ်ကြောင်း၊ အကြမ်းဖက် တိုက်ခိုက်မှု မည်သည့်အချိန်တွင် ပေါ်ပေါက် မည်ကိုမည်သူကမျှ မပြောနိုင်ကြောင်း မန်မိုဟန်ဆင်းက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ရုရှားရေပိုင်နက်အတွင်း ငါးခိုးဖမ်းမှု ဂျပန်အစိုးရကို ကန့်ကွက်

မော်စကို ဒီဇင်ဘာ ၂၄

ရုရှားပစိဖိတ်သမုဒ္ဒရာ ရေပြင်ပိုင်နက်တွင် တရားမဝင် ငါးဖမ်းနေသည့် ဂျပန်ငါးဖမ်းသင်္ဘောလေးစင်းကို ရုရှားကမ်းခြေစောင့်တပ်ဖွဲ့များက ဖမ်းမိပြီးနောက် ဂျပန်အစိုးရကို ကြာသပတေးနေ့တွင် တရားဝင်ကန့်ကွက်လိုက်ကြောင်း ဒီဇင်ဘာ ၂၂ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

အဆိုပါ ရေပြင်တွင် ငါးဖမ်းခွင့်ရရှိရေးနှင့် ပတ်သက်၍ နှစ်နိုင်ငံ အငြင်းပွားမှုများ ပေါ်ပေါက်ခဲ့သည်။ လွန်ခဲ့သည့်နှစ်တွင် ရုရှားကမ်းခြေစောင့်တပ်ဖွဲ့က ပစ်ခတ်မှုကြောင့် ဂျပန်ရေလုပ်သားတစ်ဦး သေဆုံးခဲ့သည်။ နောက်ဆုံး ဖြစ်ရပ်နှင့်ပတ်သက်၍ မော်စကိုရှိ ဂျပန်သံရုံး ဒုတိယအကြီးအကဲကို နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဆင့်ခေါ်ခဲ့ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

လာမည့်နှစ်တွင် အီရတ်မှတပ်ဖွဲ့ ရုပ်သိမ်းရေး ပိုလန်နိုင်ငံသား ၈၅ ရာခိုင်နှုန်း ထောက်ခံ

ဝါဆော ဒီဇင်ဘာ ၂၄

အီရတ်နိုင်ငံမှ ပိုလန်တပ်ဖွဲ့ဝင်များ လာမည့်နှစ်အတွင်း ရုပ်သိမ်းရန် ပိုလန်နိုင်ငံသား ၈၅ ရာခိုင်နှုန်းက ထောက်ခံကြောင်း တီအင်န်အက်စ်အိုဘော့အဖွဲ့က ကောက်ယူသည့် လူထုသဘောထား စစ်တမ်းအရ သိရှိရသည်။ ပိုလန်နိုင်ငံသည် အီရတ်သို့ တပ်ဖွဲ့ဝင် ၂၅၀၀ စေလွှတ်ခဲ့သည်။ တပ်ဖွဲ့ဝင် အချို့ကို အီရတ်မှ ရုပ်သိမ်းပေးခဲ့သော်လည်း အီရတ်နိုင်ငံ၏ တောင်ပိုင်းတွင် တပ်ဖွဲ့ဝင် ၉၀၀ ရှိနေသေးသည်။ ပိုလန်ဝန်ကြီးချုပ် ဒေါ်နယ်တပ်စ်၏ ပိုလန်တပ်ဖွဲ့ ရုပ်သိမ်းရေး အစီအစဉ်သည် ၎င်း ရွေးကောက်ပွဲဝင်ရောက်စဉ်က ပေးခဲ့သည့် ကတိကဝတ်ကို ဖြည့်ဆည်းပေးခဲ့ခြင်းဖြစ်ပြီး ပိုလန်သမ္မတ လက်ချ်ကာဇင်စကီးနှင့် သဘောထား ကွဲလွဲခဲ့သည်။

သမ္မတ လက်ချ်ကာဇင်စကီးသည် အမေရိကန်လိုလားသည့်မူဝါဒ ကိုင်စွဲထားပြီး ပိုလန်တပ်ဖွဲ့ဝင်များ အီရတ်မှ ရုပ်သိမ်းရေးမူဝါဒကို ဝေဖန်သည်။ အီရတ်မှ ပိုလန် တပ်ဖွဲ့ဝင်များ ရုပ်သိမ်းနိုင်ရန် သမ္မတ၏ သဘောတူမှု ရရှိရန် လိုအပ်သည်။ အမေရိကန်၏ အပေါင်းပါနိုင်ငံများဖြစ်ကြသော ဗြိတိန်နှင့် သြစတြေးလျနိုင်ငံတို့ကလည်း အီရတ်ရှိ ၎င်းတို့၏ တပ်ဖွဲ့များကို လျှော့ချရန် စီစဉ်လျက်ရှိကြသည်။

အမ်အင်အေ၊ ရိုက်တာ။

ကွမ်တုန်ပြည်နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

ကွမ်ကျိုး ဒီဇင်ဘာ ၂၄

တရုတ်နိုင်ငံ ကွမ်တုန်ပြည်နယ်တွင် ခရီးသည်တင် မော်တော်ယာဉ်တစ်စီးနှင့် ကုန်တင်ကားတစ်စီးတို့ ကြာသပတေးနေ့ နံနက်က တိုက်မိသဖြင့် ခြောက်ဦး သေဆုံးကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

အဆိုပါ ယာဉ်တိုက်မှုသည် စင်းကျန်မြို့ရှိ ဘတ်စ်ကားဂိတ်အနီးတွင် နံနက် ၂ နာရီခွဲခန့်က ဖြစ်ပွားခဲ့သည်။ သဲသယ်ဆောင်သည့် ထရပ်ကားနှင့် တိုက်မိခဲ့ရာမှ ခရီးသည်တင်ဘတ်စ်ကား ပျက်စီးသွားပြီး ဘတ်စ်ကားမှ လူငါးဦးသည် ပွဲချင်းပြီး သေဆုံးကြောင်း ဒေသန္တရ ယာဉ်ထိန်းရဲတပ်ဖွဲ့က ပြောကြားသည်။ ဒဏ်ရာအပြင်းအထန်ရရှိသည့် ခရီးသည်တစ်ဦးကို ကယ်တင်ခဲ့သော်လည်း ဆေးရုံတွင် သေဆုံးသွားသည်။ ယာဉ်တိုက်မှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ ဆင်ဟွာ။



အမေရိကန်နိုင်ငံ အလာစကာပြည်နယ်တွင် ဖမ်းဆီးရမိသော အသက် ၁၀၀ ရှိ ငါးကြီးတစ်ကောင်ကို ဒီဇင်ဘာ ၂၃ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အုတ်စက်ရုံစီမံကိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၄

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် ယမန်နေ့ ညနေ ၃နာရီခွဲတွင် မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အုတ်စက်ရုံစီမံကိန်း မင်းကုန်း(နေပြည်တော်)သို့ ရောက်ရှိပြီး စီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့က ကုန်ထုတ်လုပ်မှု အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးအောင်သောင်းသည် ဥပ္ပါတသန္တိ စေတီတော်အတွက် ထုတ်လုပ်ထားသော အုတ်များနှင့် စက်ရုံမှ ထုတ်လုပ်ထားသော နမူနာအုတ်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးသည် အုတ်လှန်းခြံလုပ်ငန်း၊ အုတ်ဖုတ်ခြင်းလုပ်ငန်း များ၊ စက်ရုံတည်ဆောက်မည့်နေရာနှင့် ဝန်ထမ်းအိမ်ရာများ တည်ဆောက်မည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပွင့်လင်းရာသီတွင် ကုန်ထုတ်လုပ်မှုပိုမိုထုတ်လုပ်ကြရန်နှင့် စီမံကိန်းလုပ်ငန်းများကို လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်ကြရန် တာဝန်ရှိသူတို့အား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကြည့်ရှုစစ်ဆေး

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း အုတ်စက်ရုံစီမံကိန်း မင်းကုန်း (နေပြည်တော်)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်-၁/စက်မှု)

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၈)ရပ်ကွက် သာသနာ့ရက္ခိတဓမ္မာရုံ ပြန်လည်တည်ဆောက်ရေးအတွက် တစ်ဦးတည်း မြေအလှူရှင်နှင့် ဒုတိယအကြိမ် အလှူငွေပေးအပ်ပွဲကို အဆိုပါမြေနေရာ၌ ဒီဇင်ဘာ ၈ရက် နံနက်ပိုင်းက ကျင်းပရာ ဆရာတော် ဦးအာဒိစ္စအား အမှူးထား၍ ဦးမောင်မောင်-ဒေါ်စန်းစန်း(အန်တီစန်း အထည်ဆိုင်)မိသားစုတို့က အလှူငွေကျပ် ၂၃သိန်း ပေးအပ်လှူဒါန်းရာ မြို့နယ်ဥက္ကဋ္ဌ ဦးတင်ကျော်လွင် လက်ခံယူစဉ်။(က-ပ)

“လမ်းလျှောက်ကြပါစို့”

* လောကတွင်အမြတ်ဆုံး
ဘာတုံးလဲမေးပါလျှင်။
စိတ်ဓာတ်ကိုအခြေပြု
ကျန်းမာမှုပင်။
အသက်ကိုတဲ့ရှည်စေချင်
သန့်စင်သည့်လေရှူလို့ပေး
အောက်စီဂျင်အပြည့်အဝ
ရရှိမယ်လေး။

* ခန္ဓာကိုယ်ကြံ့ခိုင်မှု
ကျိုးပြုဖို့မေးလာလျှင်။
နံနက်စောစောစွမ်းနိုင်သလောက်
လမ်းလျှောက်ဖို့ပင်။
ငွေမကုန်ဘဲ ကျန်းမာလျှင်
လာဘ်ကြီးပင်မဟုတ်လား။
ဒို့တစ်တွေအသိရှိပါလို့
အသည်းထိအောင်စွဲမြဲအပ်
တစ်သက်မှတ်ထား။

* စောစောအိပ်စောစောထ
စိတ်ရွှင်ပျ မှတ်ဉာဏ်ရွှင်။
လမ်းလျှောက်လို့အကြောအခြင်
ပြေပါလျှင်အားအင်ဖြိုး။
အတင်းမပြောပါဘူး
ပျင်းသောသူအိပ်ရာမထ
ရောဂါကတိုး။ ။

မောင်ရည်တင့်(မအူပင်)

အထက(၁)ဒဂုံ အာစရိယပူဇော်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

၁၉၉၆-၉၇ ပညာသင်နှစ်တွင် အထက(၁)ဒဂုံမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၉ရက်(စနေနေ့)နံနက် ၉နာရီတွင် ဒဂုံသီရိခန်းမ၌ ကျင်းပပြီး ညနေ ၅နာရီတွင် လမ်းမတော်မြို့နယ် ဝါးတန်းလမ်း ပန်ဒါစားသောက်ဆိုင်၌ ညစာစားပွဲ ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် လှူဒါန်းလိုပါက ပြည့်ဖြိုးအောင် ဖုန်း-၀၉-၅၁၁၈၄၄၀၊ အေးအေးမျိုး ဖုန်း-၀၉-၅၁၁၆၆၀၅၊ အောင်ကျော်ဦး ဖုန်း-၀၉-၅၀၃၇၆၅၊ သားစိုး ဖုန်း- ၀၉-၅၁၄၀၂၁၀၊ ဖြိုးဝေလွင် ဖုန်း-၀၉-၅၀၉၈၂၃၀၊ မျိုးထွန်း ဖုန်း-၀၉-၅၂၇၂၁၉၉နှင့် ခင်စန္ဒာမြင့် ဖုန်း-၀၉-၅၀၀၂၅၀၀တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံတကာမှ ပန်းချီကား ၁၀၀ ပြပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

နိုင်ငံတကာမှ ပန်းချီပညာရှင်များ၏ အနုပညာလက်ရာ ပန်းချီကား ၁၀၀ ကို International Art Sales Center က ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ သမ္မတဟိုတယ်တွင် ဒီဇင်ဘာ ၂၅ရက်(ယနေ့)မှစ၍ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ရက်အထိ ခင်းကျင်းပြသထားမည်ဖြစ်သည်။

အဆိုပါပြပွဲတွင် ခင်းကျင်းပြသမည့် ပန်းချီကားများမှာ နိုင်ငံတကာမှ ပန်းချီပညာရှင်များ ရေးဆွဲသည့် နောက်ဆုံးပေါ်လက်ရာ ပန်းချီကားများဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟောင်ကောင်ပန်းချီဈေးကွက်တွင် နှစ်နှစ်ခန့် အချိန်ယူစုဆောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“အခု ကျွန်တော့်လက်ထဲမှာ ပန်းချီကား ၂၀၀ ကျော်လောက်ရှိနေပြီး နေရာအခက်အခဲကြောင့် ကား ၁၀၀ ပဲပြသထားတာဖြစ်ပါတယ်။ နိုင်ငံတကာ ပန်းချီဆရာစုံတို့ရဲ့ လက်ရာအစုံကို ရနိုင်ဖို့အတွက် နှစ်နှစ် လောက်ကာလအတွင်းမှာ ဟောင်ကောင်ကို ၁၀ ခေါက်သွားခဲ့ရပါတယ်”ဟု ပြပွဲစီစဉ်သူ ဦးတင်မောင်လှိုင်က ရှင်းလင်းပြောပြသည်။

ပန်းချီကားအများစုမှာ နိုင်ငံရပ်ခြားမှ ရှုခင်းများ၊ ပန်းများနှင့် အမျိုးသမီးပုံများကို သရုပ်မှန် နည်းစနစ်ဖြင့် ရေးဆွဲထားခြင်းဖြစ်ကြောင်း တွေ့ရပြီး ပန်းချီကားများကို အနုပညာခံစားမှုအရဖြစ်စေ၊ ရင်းနှီးမြှုပ်နှံမှု တစ်ခုအနေဖြင့်ဖြစ်စေ ဝယ်ယူစုဆောင်းလိုသူများအတွက် ဈေးနှုန်းသက်သက်သာသာဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာပန်းချီပြပွဲ ပြင်ဆင်ခင်းကျင်းရာသို့ လာရောက်ကြည့်ရှုလေ့လာသော မြန်မာပန်းချီပညာရှင် စတားဦးမြသန်း [မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို) နာယက]က အဆိုပါ ပန်းချီပြပွဲနှင့် စပ်လျဉ်း၍ ပန်းချီအနုပညာရှင်များရော ပန်းချီစုဆောင်းမည့် ဝါသနာရှင်များပါ လက်မလွတ်တမ်း လာရောက်ကြည့်ရှုလေ့လာသင့်သည့် ပြပွဲတစ်ခုဖြစ်ကြောင်း မှတ်ချက်ပြုသွားခဲ့သည်။

နိုင်ငံတကာမှ ပန်းချီကား ၁၀၀ အကြိုခင်းကျင်းပြသမှုကို မြန်မာပန်းချီအနုပညာရှင်များ လေ့လာကြည့်ရှုနေစဉ်။

အနုပညာကဏ္ဍ

သတင်း-အောင်နိုင်ဦး(ကြေးမုံ)
ဓာတ်ပုံ-တင်ဝင်းလေး(ကြည့်မြင်တိုင်)

နိုင်ငံတကာမှ ပန်းချီပညာရှင်များ၏ အနုပညာလက်ရာပန်းချီကား ၁၀၀ ကို International Art Sales Center က ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ သမ္မတဟိုတယ်၌ ခင်းကျင်းပြသလျက်ရှိရာ လက်ရာမြောက် ပန်းချီကားများကို တွေ့မြင်ရစဉ်။ (ဝဲပုံနှင့်အောက်ပုံ)

နိုင်ငံတကာမှ ပန်းချီလက်ရာများပြသ

ရန်ကုန် ဒီဇင်ဘာ ၂၄

နိုင်ငံတကာမှ ပန်းချီအနုပညာရှင်များ၏ နောက်ဆုံးပေါ် လက်ရာပန်းချီကား ၁၀၀ကို International Art Sales Center က ရန်ကုန်မြို့ သမ္မတဟိုတယ်တွင် ဒီဇင်ဘာ ၂၅ရက်မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၁ရက်အထိ ပြသထားမည်ဖြစ်သည်။

ပန်းချီကားများပြသခွင့်လက်မှတ်ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ရက်က ပန်းချီ ပြပွဲပြသရာ အလံပြဘုရားလမ်းရှိ သမ္မတဟိုတယ်တွင်ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က ပြပွဲတာဝန်ခံ ဦးတင်မောင်လှိုင် International Art Sales Center သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

အနုပညာနှလုံးအိမ် ရုပ်ရှင်သင်တန်း လူတွေ့ရွေးချယ်မည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ငါးထပ်ဆင့်အကယ်ဒမီမောင်တင်ဦး တာဝန်ယူစုစည်းဖန်တီးသည့် အနုပညာနှလုံးအိမ်ရုပ်ရှင်ပညာ အခြေခံသင်တန်းသို့ တက်ရောက်ရန် ဝင်ခွင့်လျှောက်လွှာတင်ထားသောလူငယ်များကို ဒါရိုက်တာမောင်တင်ဦးက လူတွေ့ တွေ့ဆုံမေးမြန်း ရွေးချယ်မည်ဖြစ်သည်။

လူတွေ့ တွေ့ဆုံမေးမြန်းမှုအစီအစဉ်ကို ဒီဇင်ဘာ ၂၉ရက်နှင့် ၃၀ရက်တို့တွင် နံနက် ၉နာရီမှ ညနေ ၄နာရီအထိ ရီမြင့်ရုပ်ရှင်၊ ၂၆ဘီလမ်း၊ ၈၆x၈၇ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တွင် ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

ဘယ်ရီဘယ်ရီထုံနာရောဂါနှင့် ပေါင်းဆန်၏အာဟာရတန်ဖိုး

ဒေါက်တာလှကြည်

အာဟာရချို့တဲ့တယ်ဆိုတာ ဆင်းရဲတဲ့သူတွေ၊ အစားအသောက် ဝဝလင်လင် မစားရသူတွေသာဖြစ်တာလို့ လူအတော်များများက ထင်နေကြပါတယ်။ ငွေကြေးဖူလုံပါလျက်၊ ဝဝလင်လင်လည်း စားနိုင်ပါလျက် အာဟာရဗဟုသုတနည်းတာ သက်သက်ကြောင့် အာဟာရချို့တဲ့နေသူတွေ အမြောက်အမြား ရှိပါတယ်။ အဲဒီထဲက ဆန်ဖြူဖြူချောချောကို နေ့တိုင်း စားနေသူတွေ ခံစားရတတ်တဲ့ အာဟာရချို့တဲ့ရောဂါ တစ်ခုအကြောင်း တင်ပြချင်ပါတယ်။

ဗီတာမင်ဘီဝမ်း(Vitamin B_1) ချို့တဲ့လို့ဖြစ်ရတဲ့ အဲဒီရောဂါကို ဘယ်ရီဘယ်ရီ(beriberi)လို့ ခေါ်ပါတယ်။ မြန်မာအခေါ်အဝေါ်ကတော့ ထုံနာစို ထုံနာခြောက် ဖြစ်ပါတယ်။ ထုံနာစို (wet beriberi)ဆိုတာက နှလုံးကို ထိခိုက်တဲ့အတွက် ဖောရောင်လာတဲ့ အခြေအနေမျိုးဖြစ်ပြီး ထုံနာခြောက်(dry beriberi)ဆိုတာက အာရုံကြောတွေကို ထိခိုက်တဲ့အတွက် ခြေလက်တွေထုံကျဉ်ပြီး အားနည်းလာတဲ့ အခြေအနေလို့ အလွယ်မှတ်ထားနိုင်ပါတယ်။ ထုံနာစိုဖြစ်တဲ့ လူကြီးတွေဟာ နှလုံးလုပ်ငန်းပျက်ပြီး ရုတ်တရက် သေဆုံးနိုင်ပါတယ်။ ဗီတာမင်ဘီဝမ်းချို့တဲ့နေတဲ့ မိခင်ရဲ့နို့ကို သာစို့နေရတဲ့ ကလေးတွေဟာလည်း ဘယ်ရီ ဘယ်ရီ(infantile beriberi) သူငယ်နာရောဂါဖြစ်ပြီး နာရီပိုင်းအတွင်း သေဆုံးသွားနိုင်ပါတယ်။

ဘယ်ရီဘယ်ရီဆိုတာ သီရိလင်္ကာက Sinhalese ဘာသာစကားဖြစ်ပြီး "ငါဘာမှ မလုပ်နိုင်တော့ဘူး၊ ငါဘာမှ မလုပ်နိုင်တော့ဘူး" (I can't, I can't)လို့ အဓိပ္ပာယ်ရပါတယ်။ ဘာမှမလုပ်နိုင်၊ မကိုင်နိုင်အောင် ချည့်နဲ့နေတဲ့ သဘောဖြစ်ပါတယ်။ ဒီရောဂါကို ပထမဆုံးစပြီးတွေ့တာက လွန်ခဲ့တဲ့နှစ်ပေါင်း ၃၇၇ နှစ်(ခရစ်နှစ် ၁၆၃၀)က ဖြစ်ပါတယ်။ ဂျာဗားကျွန်းမှာ တာဝန်ထမ်းဆောင်နေတဲ့ ဒတ်ချ်လူမျိုး ဆရာဝန် Jacob Bonius ဆိုသူက စတင်တွေ့ရှိခြင်းဖြစ်ပါတယ်။ ရောဂါခံစားနေရသူတွေဟာ ဒူးတွေ အားမရှိတာကြောင့် လမ်းလျှောက်တဲ့အခါ ဒယိမ်းဒယိုင်ဖြစ်ပြီး သိုးတွေလမ်းလျှောက်သလို ဖြစ်နေပါတယ်လို့ Jacob Bonius ရဲ့ မှုရင်းမှတ်တမ်းမှာ ဖော်ပြထားပါတယ်။ ဒီဆောင်းပါးမှာ beriberi ကို ဘယ်ရီ ဘယ်ရီထုံနာရောဂါလို့ ရေးသွားပါမယ်။

ဂျပန်နိုင်ငံ၏ ဘယ်ရီဘယ်ရီထုံနာရောဂါအတွေ့အကြုံ

ဘယ်ရီဘယ်ရီ ထုံနာရောဂါဟာ ၁၉ ရာစုနှစ်အတွင်းက ဂျပန်နိုင်ငံရဲ့ အဓိက ကျန်းမာရေးပြဿနာ ဖြစ်ခဲ့ပါတယ်။ မူလက ငွေကြေးချမ်းသာတာကြောင့် ဘာအရောအနှောမှမပါဘဲ ဆန်ကို သန့်သန့်ကလေး စားနိုင်ကြတဲ့ လူချမ်းသာတွေမှာသာ ဒီရောဂါ အဖြစ်များခဲ့ပါတယ်။ ဆန်ချည်းသက်သက် စားဖို့ မတတ်နိုင်လို့ ဆန်နဲ့ဘာလီကို ရောပြီးစားရတဲ့ ဆင်းရဲသားတွေမှာ မတွေ့ခဲ့ရပါဘူး။ ဆန်ကြိတ်တဲ့စက်တွေ ပေါ်ပေါက်လာပြီးတဲ့ နောက်ပိုင်းမှာတော့ ဆင်းရဲသားတွေဟာလည်း စက်ကြိတ်ဆန်ဖြူတွေ စားသုံးရာက ဘယ်ရီ ဘယ်ရီထုံနာရောဂါရဲ့ သားကောင်တွေ ဖြစ်ခဲ့ကြပါတယ်။

အဲဒီခေတ်က ဘယ်ရီ ဘယ်ရီထုံနာရောဂါဟာ ဂျပန်ရေတပ်မှာ အတော့်ကို အဖြစ်များခဲ့ပါတယ်။ လူအမြောက်အမြားမှာ တစ်ပြိုင်တည်း ဖြစ်တတ်တာကြောင့် ကူးစက်ရောဂါတစ်မျိုးလို့ ထင်ခဲ့ကြပါတယ်။ အာဟာရချို့တဲ့မှုကြောင့် ဖြစ်နိုင်တယ်ဆိုတာကို ပထမဆုံး ရိပ်မိသူကတော့ တာကာကီ(Kanehiro Takaki) ဆိုတဲ့ ဂျပန်ရေတပ်က ဆရာဝန်တစ်ဦးဖြစ်ပါတယ်။ ရိက္ခာမျိုးစုံစားကြတဲ့ အနောက်နိုင်ငံက ရေတပ်သားတွေမှာမဖြစ်ဘဲ ဆန်ဖြူကိုသာ အားထားပြီးစားကြတဲ့ ဂျပန်ရေတပ်သားတွေမှာသာ ဖြစ်လေ့ရှိတာကို သတိထားမိခြင်းဖြစ်ပါတယ်။ ဒါကြောင့် တာကာကီဟာ ၁၈၈၄ ခုနှစ်မှာ လေ့လာမှုတစ်ခု ပြုလုပ်ခဲ့ပါတယ်။ သင်္ဘောတစ်စင်းက ရေတပ်သားတွေကို ဆန်အပြင် ပဲ၊ အသား၊ ငါးအစုံအလင် စားစေပြီး ဒုတိယသင်္ဘောတစ်စင်းက ရေတပ်သားတွေကို ဆန်ဖြူတစ်မျိုးတည်းကို စားသုံးစေခဲ့ပါတယ်။ သင်္ဘောနှစ်စင်းလုံးဟာ အကွာအဝေးတူညီတဲ့ ခရီးတစ်ခုတည်းကိုသွားခဲ့ပါတယ်။ ကာလမကြာခင်မှာ ဆန်တစ်မျိုးတည်းကို အားထားပြီးစားကြတဲ့ သင်္ဘောက ရေတပ်သားတစ်ဝက်လောက်မှာ ဘယ်ရီဘယ်ရီထုံနာရောဂါ စွဲကပ်လာတာကို တွေ့ရပါတယ်။ ရိက္ခာစုံစားရတဲ့သင်္ဘောက ရေတပ်သားတွေမှာ ဒီရောဂါလုံးဝမဖြစ်ပါဘူး။ ဒါကြောင့် ဘယ်ရီဘယ်ရီရောဂါဟာ ဆန်ဖြူမှာမပါတဲ့ (ချို့တဲ့နေတဲ့) အာဟာရဓာတ်တစ်မျိုးကြောင့်ဖြစ်ကြောင်း ကောက်ချက်ဆွဲခဲ့ပါတယ်။ ဘယ်လိုအာဟာရဓာတ်ဆိုတာကိုတော့ အဲဒီအချိန်က မပြောနိုင်ခဲ့သေးပါဘူး။

တာကာကီဟာ ကနဦးမှာ တရုတ်ဆေးပညာကိုလေ့လာခဲ့ပြီး ဗြိတိန်နိုင်ငံမှာ အနောက်တိုင်းဆေးပညာကို ဆက်လက်သင်ယူခဲ့သူဖြစ်ပါတယ်။ အဲဒီအချိန်က ဂျပန်ရေတပ်မတော်မှာ တာဝန်ထမ်းဆောင်နေတဲ့ ဆေးမှူးချုပ်အပါအဝင် ဆရာဝန်အများစုဟာ တိုကျိုတက္ကသိုလ်ဆင်းတွေဖြစ်ပြီး ဂျာမနီနိုင်ငံမှာ ဆေးပညာသင်ခဲ့သူတွေ ဖြစ်ကြပါတယ်။ သူတို့ဟာ တာကာကီရဲ့ အာဟာရချို့တဲ့မှုအယူအဆကို လက်မခံခဲ့ကြပါဘူး။ ဘယ်ရီဘယ်ရီဟာ ကူးစက်ရောဂါတစ်မျိုးဆိုတဲ့ အယူအဆကိုပဲ ဆုပ်ကိုင်ထားခဲ့ကြပါတယ်။ ဒါဟာ ဂျပန်တပ်မတော်သားတွေ ကံဆိုးတာပါပဲ။ ၁၉၀၄ ခုနှစ်ကနေ ၁၉၀၅ ခုနှစ်ထိဖြစ်ပွားခဲ့တဲ့ ရုရှ-ဂျပန်စစ်ပွဲမှာ တိုက်ပွဲဝင်ခဲ့သူ ဂျပန်စစ်သားတွေအနက် ၂၁၁၆၀၀ လောက် ဘယ်ရီဘယ်ရီရောဂါ ခံစားခဲ့ကြရပြီး ၂၇၀၀၀ လောက်ဟာ ဒီရောဂါကြောင့် သေဆုံးခဲ့ပါတယ်။ တိုက်ပွဲမှာကျဆုံးသူ ၄၇၀၀၀နှင့် ယှဉ်ကြည့်ရင် ဘယ်ရီဘယ်ရီကြောင့် သေဆုံးရသူအရေအတွက်ဟာ အချိုးအဆအားဖြင့် အတော့်ကိုများတာ တွေ့နိုင်ပါတယ်။ ဒါကြောင့် အာဟာရချို့တဲ့မှု အယူအဆကိုလက်မခံခဲ့တဲ့ ဆေးမှူးချုပ် Mori Ogai ကြောင့် သေဆုံးရတဲ့ ဂျပန်တပ်မတော်သားအရေအတွက်ဟာ ရန်သူ ရုရှဗိုလ်ချုပ်တစ်ဦးချင်းကြောင့် ကျဆုံးခဲ့ရတဲ့ အရေအတွက်ထက် များပါတယ်လို့ ဝေဖန်ခြင်းခံခဲ့ရပါတယ်။ တာကာကီကိုတော့ သူရဲ့ဖော်ထုတ် တွေ့ရှိချက်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဘယ်ရွန် (Baron)ဆိုတဲ့ သူကောင်းဘွဲ့ ချီးမြှင့်ခဲ့ပါတယ်။ သူ့ကို ဘာလီဘယ်ရွန် (Barley Baron)ရယ်လို့ ချစ်စနိုး နာမည်ပေးခဲ့ကြပါတယ်။

ဒီနေ့ ဂျပန်နိုင်ငံမှာ ဘယ်ရီဘယ်ရီထုံနာရောဂါ ပြဿနာမရှိတော့ပါဘူး။ ဗီတာမင်ဘီဝမ်းအပါအဝင် ဗီတာမင်ဓာတ်တွေဖြည့်ထားတဲ့ ဆန် (fortified rice) ကို စားသုံးခြင်း၊ ထမင်းနှင့်အတူ သားငါးသီးနှံ ပဲ အမျိုးမျိုး စုံလင်အောင် စားသုံးကြခြင်းတို့ကြောင့် ဖြစ်ပါတယ်။

မလေးရှားနိုင်ငံ၏အတွေ့အကြုံ

မလေးရှားမှာလည်း ဘယ်ရီဘယ်ရီထုံနာရောဂါ အတွေ့အကြုံ ရှိခဲ့ပါတယ်။ မလေးရှားမှာလုပ်ခဲ့တဲ့ သုတေသနလေ့လာချက်များအနက် တစ်ခုကို တင်ပြပါမယ်။ အဲဒီသုတေသနမှာ မလေးရှားနိုင်ငံအတွင်း မှီတင်းနေထိုင်သူတွေကို အုပ်စုသုံးစုခွဲပြီး လေ့လာခဲ့ခြင်းဖြစ်ပါတယ်။ ပထမအုပ်စုမှာ မောင်းထောင်းဆန်ကိုစားသုံးတဲ့ မလေးတိုင်းရင်းသားတွေ ပါဝင်ပါတယ်။ ဒုတိယအုပ်စုမှာ မလေးရှားမှာလာပြီး အလုပ်လုပ်နေကြတဲ့ အိန္ဒိယနိုင်ငံဖွား တမီးလ်လူမျိုးများ ပါဝင်ပါတယ်။ သူတို့ဟာ parboiled rice လို့ခေါ်တဲ့ပေါင်းဆန် (ပြုတ်ဆန်)ကို စားသုံးကြပါတယ်။ တတိယအုပ်စုမှာ မလေးရှားနိုင်ငံ သတ္တုတွင်းတွေမှာ အလုပ်လုပ်နေကြတဲ့ တရုတ်လူမျိုးများပါဝင်ပါတယ်။ သူတို့ဟာ ထိုင်းနိုင်ငံက တင်သွင်းတဲ့ စက်ကြိတ်ဆန်ဖြူကို စားသုံးကြပါတယ်။ ဘယ်ရီဘယ်ရီ ထုံနာရောဂါဟာ မောင်းထောင်းဆန်စားသုံးတဲ့ မလေးတိုင်းရင်းသားတွေမှာ မဖြစ်သလောက်ရှားပါတယ်။ ပေါင်းဆန်ကို စားသုံးကြတဲ့ တမီးလ်လူမျိုးများမှာလည်း အလွန်အဖြစ်နည်းပါတယ်။ စက်ကြိတ်ဆန်ဖြူကိုစားကြတဲ့ တရုတ်လူမျိုးတွေမှာသာ ဘယ်ရီဘယ်ရီရောဂါ ဖြစ်ပွားလေ့ရှိကြောင်း သိခဲ့ရပါတယ်။

စင်ကာပူနိုင်ငံ၏ အတွေ့အကြုံ

ဒီအကြောင်းကို ၁၄-၂-၂၀၀၇ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာ **"ထမင်းရေခန်းချက်စားကြပါစို့"**ဆိုတဲ့ ခေါင်းစဉ်နှင့် ရေးသားခဲ့တဲ့ ဆောင်းပါး မှာတင်ပြခဲ့ဖူးပါတယ်။ ဒီဆောင်းပါးမှာ ထပ်မံတင်ပြပါမယ်။ ၁၈၉၆ ခုနှစ်အတွင်း စင်ကာပူနိုင်ငံက စိတ်ရောဂါဝေဒနာရှင်များကို ပြုစုစောင့် ရှောက်ပေးတဲ့ ဂေဟာတစ်ခုမှာ ဘယ်ရီဘယ်ရီထုံနာရောဂါကြောင့် သေဆုံး သူဦးရေဟာ ၄၀ ရှိပြီး၊ ၁၈၉၈ ခုနှစ်မှာ ၅၀ ရှိခဲ့ကြောင်း မှတ်တမ်းများ ရှိပါတယ်။ အဲဒီဝေဒနာရှင်တွေအတွက် အထူးဆေးရုံတစ်ရုံ ဖွင့်လှစ် ကုသပေးခဲ့ရာမှာ ၁၈၉၉ ခုနှစ်မှာ ဆေးရုံတက်သူ ၄၅၃ ယောက်အနက် ၁၀၄ ယောက် သေဆုံးခဲ့ပါတယ်။ ၁၉၀၄ ခုနှစ်က စပြီး ပြုတ်ဆန်ကိုကျွေးပြီး ကုသပေးခဲ့ရာမှာ ဆေးရုံတက်သူ ဦးရေရော သေဆုံးသူဦးရေပါ နှစ်စဉ် သိသိသာသာ လျော့နည်းသွားပြီး ၁၉၂၄ ခုနှစ် တစ်နှစ်လုံးမှာ ဆေးရုံတက်သူ ဦးရေ ၅၀ သာ ရှိတော့တဲ့အတွက် ၁၉၂၅ ခုနှစ်မှာ ဆေးရုံကို ပိတ်လိုက် တယ်လို့ လေ့လာသိရှိရပါတယ်။ ဒီနေ့ စင်ကာပူနိုင်ငံမှာလည်း ဘယ်ရီ ဘယ်ရီပြဿနာ မရှိတော့ပါဘူး။

ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာစတဲ့ အိမ်နီးချင်းနိုင်ငံတွေမှာ ပေါင်းဆန်ကို ပင်တိုင်စားသုံးကြပါတယ်။ သူတို့မှာ ဘယ်ရီဘယ်ရီရောဂါပြဿနာ မရှိပါဘူး။

ဗီတာမင် ဘီဝမ်း (Vitamin B_1)နှင့် ဘယ်ရီဘယ်ရီရောဂါ

၁၉ ရာစုနှောင်းပိုင်းရောက်လာတဲ့အခါမှာ Eijkman ဆိုသူ ဒတ်ချ်လူမျိုးဆရာဝန်ဟာ ဘယ်ရီဘယ်ရီကို လေ့လာဖို့ ကြက်ကလေးတွေကို နှစ်စုခွဲပြီး တစ်စုကို ဆန်နှင့်အတူ အခြားအစာတွေ ကျွေးပါတယ်။ ကျန်တစ်စုကိုတော့ ဆန်ဖြူတစ်မျိုးတည်း ကျွေးပါတယ်။ ရက်သတ္တပတ်ကြာတဲ့အခါမှာ ဆန်ဖြူသက်သက် စားနေရတဲ့ ကြက်ကလေးတွေမှာ ဘယ်ရီဘယ်ရီထုံနာရောဂါ ခံစားရတဲ့ လူတွေရဲ့လက္ခဏာမျိုးတွေ ပေါ်ပေါက်လာတာကို တွေ့ခဲ့ပါတယ်။ ဘယ်ရီဘယ်ရီထုံနာရောဂါ ဖြစ်တာဟာ ဆန်ဖြူမှာ ဗီတာမင်ဘီဝမ်း ချို့တဲ့နေလို့ဆိုတာကို ဖော်ထုတ်သိရှိခဲ့တာဟာ အဲဒီသုတေသနက စခဲ့တာဖြစ်ပါတယ်။

ဗီတာမင်ဘီဝမ်းဟာ အသည်း၊ ဝက်သား၊ အခြားအသားတွေနဲ့ ပဲအမျိုးမျိုးမှာ ကြွယ်ဝစွာ ပါဝင်နေပါတယ်။ ဒါကြောင့် ထမင်းကို အသား၊ ငါး ဒါမှမဟုတ် ပဲတစ်မျိုးမျိုးနဲ့ ရောပြီးစားတယ်ဆိုရင် ဘယ်ရီဘယ်ရီရောဂါ မဖြစ်နိုင်ပါဘူး။ **ကိုယ်ဝန်ရှိစဉ်နှင့် ကလေးနို့တိုက်နေချိန်မှာ အစားရှောင်လွန်းခြင်းဟာ ဗီတာမင်ဘီဝမ်း ချို့တဲ့ရခြင်းရဲ့ အရေးကြီးတဲ့ အကြောင်းရင်းတစ်ရပ် ဖြစ်ပါတယ်။** အမျိုးသမီးအချို့ဟာ မိမိအစာမျိုးစုံစားရင် စားသုံးတဲ့ အစားအစာတွေက နို့စို့နေတဲ့ ကလေးကို အန္တရာယ်ပြုလိမ့်မယ်၊ ရောဂါဖြစ်စေလိမ့်မယ်ဆိုတဲ့ မှားယွင်းတဲ့ အယူအဆကြောင့် အစားရှောင်လွန်းတဲ့အတွက် ဗီတာမင်ဘီဝမ်းချို့တဲ့ပြီး သူတို့ကိုယ်တိုင် ဘယ်ရီဘယ်ရီထုံနာရောဂါ ခံစားကြရသလို နို့စို့နေတဲ့ ကလေးကိုပါ သူငယ်နာရောဂါရစေပြီး အသက်ဆုံးရှုံးခံကြရတတ်ပါတယ်။ ဒါကြောင့် အာဟာရဖြစ်တဲ့ အစားအစာတွေကို စုံလင်အောင် စားသုံးခြင်းဟာ ဘယ်ရီဘယ်ရီ ရောဂါကာကွယ်ရေးမှာ လိုက်နာရမယ့် အရေးကြီးဆုံးအချက် ဖြစ်ပါတယ်။

အာဟာရဓာတ် ပိုများသည့် ပေါင်းဆန်

ဆန်ဆိုရင် ဖြူလေကောင်းလေလို့ ယူဆပြီး ဂုဏ်ယူစွာ စားသုံးတတ်ကြခြင်းဟာလည်း ဘယ်ရီ ဘယ်ရီထုံနာရောဂါဖြစ်ရခြင်းရဲ့ အကြောင်းတစ်ရပ်ဖြစ်ပါတယ်။ ဆန်မှာ မူလက ဗီတာမင်ဘီဝမ်း အတော်များများ ပါဝင်ပါတယ်။ ဗီတာမင်ဘီဝမ်းဟာ ဆန်ရဲ့ အပေါ်ယံအလွှာတွေမှာ အများဆုံးရှိနေပါတယ်။ ဆန်စက်တွေမပေါ်ပေါက်မီက ဆန်ကို မောင်းထောင်းပြီး အခွံချွတ်ရုံချွတ်၊ လုံးတီးဆန်အဖြစ် စားသုံးခဲ့ကြတဲ့အတွက် ဆန်မှာပါတဲ့ ဗီတာမင်ဘီဝမ်းကို အပြည့်အဝနီးပါး ရရှိခဲ့ကြပါတယ်။ ဆန်စက်တွေ ပေါ်လာပြီးတဲ့နောက်ပိုင်း ဖြူသထက်ဖြူအောင် ကြိတ်ခွဲကြတဲ့အခါမှာတော့ ဗီတာမင် ဘီဝမ်းပါတဲ့ အပေါ်ယံလွှာတွေဟာ ဖွဲဖြစ်ပြီး ထွက်သွားတဲ့အတွက် လူတွေ အမှန်တကယ်စားသုံးတဲ့ဆန်မှာ ဗီတာမင်ဘီဝမ်းလျော့နည်းသွားပါတယ်။ ဆန်ကို ဖြူအောင်ကြိတ်လေ ဗီတာမင်ဘီဝမ်း နည်းသွားလေဖြစ်ပါတယ်။ စက်ကြိတ်ဆန်ဖြူမှာပါဝင်တဲ့ ဗီတာမင်ဘီဝမ်းပမာဏဟာ မောင်းထောင်းဆန်မှာပါတဲ့ ဗီတာမင်ဘီဝမ်း ပမာဏရဲ့ လေးပုံတစ်ပုံတောင် မပြည့်တော့ပါဘူး။

ပေါင်းဆန်အဖြစ် ကြိတ်ခွဲစားသုံးခြင်းဟာ ဆန်ကနေပြီး ဗီတာမင်ဘီဝမ်း များများရရှိစေနိုင်တဲ့ နည်းဖြစ်ပါတယ်။ သီရိလင်္ကာအစရှိတဲ့ နိုင်ငံတွေမှာ ဘယ်ရီဘယ်ရီ ထုံနာရောဂါ ပြဿနာပပျောက်သွားတာဟာ ပေါင်းဆန်ရဲ့ ကျေးဇူးဖြစ်ပါတယ်။ ပေါင်းဆန်ဖြစ်အောင် ကြိတ်ခွဲရာမှာ စပါးကိုမကြိတ်ခွဲမီ ရေနွေးဖြင့်စိမ်ခြင်း၊ ရေနွေးငွေ့ပေးခြင်းတို့ ပြုလုပ်ရပါတယ်။ ဗီတာမင်ဘီဝမ်းဟာ ရေမှာပျော်ဝင်နိုင်တာကြောင့် ဒီလိုပြုလုပ်ခြင်းဖြင့် ဆန်စေ့ရဲ့အပေါ်ယံလွှာက ဗီတာမင်ဘီဝမ်းဓာတ်တွေဟာ ရေနွေးငွေ့နှင့်အတူ အတွင်းပိုင်းကို စိမ့်ပြီး ဝင်ရောက်သွားပါတယ်။ အဲဒီနောက် စပါးကို အခြောက်လှန်းပြီး ကြိတ်ခွဲခြင်းအားဖြင့် ဆန်စေ့ရဲ့ အတွင်းပိုင်းမှာ ရောက်နေတဲ့ ဗီတာမင်ဘီဝမ်းတွေဟာ ဖွဲနဲ့အတူ ပါမသွားတော့ဘဲ ဆန်မှာကျန်နေခဲ့တာ ဖြစ်ပါတယ်။ ပေါင်းဆန်မှာ ပါဝင်တဲ့ ဗီတာမင်ဘီဝမ်းပမာဏဟာ ရိုးရိုးဆန်မှာ ပါဝင်တဲ့ ဗီတာမင်ဘီဝမ်းပမာဏထက် ၂ ဆမှ ၅ဆထိ ပိုမိုများပြားပါတယ်။ ဗီတာမင်ဘီတူး (Vitamin B_2)၊ နိုင်ယာစင် (niacin) စတဲ့ ဗီတာမင်တွေဟာလည်း ပေါင်းဆန်မှာ ပိုပြီးများပါတယ်။

ပေါင်းဆန်အဖြစ် ကြိတ်ခွဲရောင်းချရင် စီးပွားရေးအနေနဲ့လည်း တွက်ခြေကိုက်ပါတယ်။ ပေါင်းဆန်အဖြစ်ကြိတ်ရင် စပါးဟာ ပိုပြီး အကြိတ်ခံပါတယ်။ အကျိုးအကြေနည်းပါတယ်။ ဆန်ထွက်လည်းများပါတယ်။ စပါးတင်းတစ်ရာကို ပေါင်းဆန်အဖြစ်ကြိတ်ရင် ရိုးရိုးဆန်ဖြူကြိတ်ခွဲတာထက် ဆန် ၁၀ တင်းလောက် ပိုပြီးထွက်တယ်လို့ သိရပါတယ်။ ပေါင်းဆန်ဟာ ကြာကြာအထားခံပါတယ်။ ပိုးမထိုး ပါဘူး။ ထမင်းလည်းပိုပြီးတက်ပါတယ်။ ဆန်နို့ဆီဘူးတစ်လုံးချင်း အတူတူချက်ရင် ပေါင်းဆန်က ရိုးရိုးဆန်ဖြူထက် ထမင်းပိုများများရတယ်လို့ ဆိုလိုပါတယ်။

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူး၍ သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် သီလရှင်ဝတ်စုံများ လှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီးက ကြီးမှူး၍ ရွှေပြည်သာမြို့နယ် အောင်တော်သာ သီလရှင်စာသင်တိုက်မှ သီလရှင်များအား ကျန်းမာရေးစောင့်ရှောက်မှု ဆောင်ရွက်ပေးခြင်းနှင့် ဆွမ်းဆန်တော် ဆီ၊ ဆား၊ ဆေးနှင့် သီလရှင်ဝတ်စုံများ လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ သီလရှင်စာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူး အဖွဲ့ဝင် ဒေါက်တာ ဒေါ်သင်သက်ဇင်နှင့် စည်းရုံးရေးဌာနကြီး အဖွဲ့ဝင်များ၊ အင်းစိန်မြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်အေးမြင့်နှင့် အထူးကု ဆရာဝန်ကြီးများ၊ ရန်ကုန်တိုင်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင်မှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်ပြီး ပဓာနဆရာတော် ဦးသုမနထံမှ ရှစ်ပါးသီလခံယူ၍ စည်းရုံးရေးဌာန ဌာနကြီးမှူး ဒေါက်တာဒေါ်ညွန့်ညွန့်ဦး မိသားစုက လှူဒါန်းသော ငွေကျပ် တစ်သိန်းခွဲတန်ဖိုးရှိ ဆန်၊ ဆီ၊ ဆား၊ သီလရှင်ဝတ်စုံများနှင့် မှန်ချိုဆေးတိုက် သမားတော် ဦးလှငွေးနှင့် ဇနီး ဒေါ်တင်နွယ်ဦးတို့က ငွေကျပ် လေးသိန်းခွဲတန်ဖိုးရှိ တိုင်းရင်းဆေးများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပြုလုပ်ပေးခဲ့

ယင်းနောက် အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ဒေါ်တင်အေးမြင့် ဦးဆောင်သော အရိုးအထူးကုဌာန၊ ခွဲစိတ်ကုဌာန၊ သားဖွားနှင့်မီးယပ်ဌာန၊ မျက်စိကုဌာန၊ သွားရောဂါဌာန အထွေထွေရောဂါဆိုင်ရာ အထူးကုဆရာဝန်ကြီးများ ပါဝင်သော အဖွဲ့သည် အောင်တော်သာ သီလရှင်ကျောင်းတိုက်နှင့် အနီးပတ်ဝန်းကျင်ရှိ သီလရှင်ကျောင်းတိုက်ပေါင်း ၃၀ တို့မှ သီလရှင် ဆရာကြီး၊ ဆရာလေး စုစုပေါင်း ၉၄ ပါးတို့အား ဆေးဝါးကုသ ကျန်းမာရေး စောင့်ရှောက်မှုများ ပြုလုပ်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနကြီး ဌာနကြီးမှူး ဒေါက်တာ ဒေါ်ညွန့်ညွန့်ဦးနှင့် အဖွဲ့ဝင်များ အောင်တော်သာ သီလရှင်စာသင်တိုက်နှင့် အနီးပတ်ဝန်းကျင်ရှိ သီလရှင် ကျောင်းတိုက်တို့မှ သီလရှင်ဆရာကြီး၊ ဆရာလေးများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်နေမှုကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ရှေ့မှ နိုင်ငံတကာသတင်းများ

အမေရိကန် အက်ဖ်-၁၆ ဂျက်တိုက်လေယာဉ်များ အာဂျင်တီးနားက ဝယ်ယူတော့မည် မဟုတ်

ဗျူနို့စ်အေရိစ် ဒီဇင်ဘာ ၂၄

အမေရိကန်နိုင်ငံက အာဂျင်တီးနားနိုင်ငံအစိုးရကို ထိပါးပုတ်ခတ်သဖြင့် အမေရိကန်မှ အက်ဖ်-၁၆ တိုက်လေယာဉ်များကို ဝယ်ယူတော့မည် မဟုတ်ကြောင်း အာဂျင်တီးနား ကာကွယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၂ ရက်တွင် ပြောကြားသည်။

အမေရိကန်နှင့် အာဂျင်တီးနားနိုင်ငံတို့သည် လေယာဉ်များ ဝယ်ယူရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြသော်လည်း ယခုအခါ ထိုဆွေးနွေးမှုကို ရပ်ဆိုင်းထားမည်ဖြစ်ကြောင်း ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အာဂျင်တီးနားနိုင်ငံသည် မိမိ၏လေတပ် တောင့်တင်းခိုင်မာရေးအတွက် လိုအပ်သည့် ပြင်ဆင်မှုများနှင့် ထိန်းသိမ်းမှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ဖြည့်စွက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗြိတိန်တွင် ခရစ္စမတ်ချောထုပ်နှင့် စာများပျောက်ဆုံး စာတိုက်လုပ်ငန်းကို ပြည်သူများ မကျေမနပ်ဖြစ်

လန်ဒန် ဒီဇင်ဘာ ၂၄

ဗြိတိန်နိုင်ငံတွင် ခရစ္စမတ်ကာလအတွင်းပေးပို့သော ချောထုပ်နှင့် နှုတ်ခွန်းဆက်စာ နှစ်သန်းကျော်တို့မှာ ပျောက်ဆုံးခြင်း သို့မဟုတ် နောက်ကျရခြင်း စသည့် အဖြစ်များနှင့် ကြုံတွေ့နေရသည်။ ထိုအခြေအနေကြောင့် ပြည်သူအများအပြားသည် စာတိုက်ဌာနကို ဒေါသထွက်နေကြသည်ဟု ဆန်းဒေးတိုင်းမ် သတင်းစာက ဖော်ပြသည်။

ပြည်သူ အတော်များများမှာ ခရစ္စမတ်လက်ဆောင် မရသည့်အတွက် မကျေမနပ်ဖြစ်လျက်ရှိသည်ဟု ဆိုသည်။ စာတိုက်ဝန်ထမ်းများသည် ချောထုပ်နှင့် စာများပေးပို့ရာ၌ ခေါက်ရေသက်သာစေရန် တမင်သက်သက် ချောနှင့် စာများကို ဆိုင်းထားခြင်းများ ပြုလုပ်သည်ဟု စွပ်စွဲကြသည်။

ဒီဇင်ဘာ ၂၂ ရက်က ပြည်သူအများအပြားမှာ စာတိုက်မှ ချောထုပ်နှင့် စာများကို လက်ခံရယူရန် အေးခဲနေသည့် ဆောင်းရာသီ အချမ်းဒဏ်ကို ကြံ့ကြံ့ခံပြီး စာတိုက်တွင် တန်းစီစောင့်ဆိုင်းခဲ့ကြရကြောင်း သတင်းစာက ရေးသားသည်။

လူတန်းရှည်ကြီးဖြင့် စောင့်ဆိုင်းနေရသောအဖြစ်ကို ဘရစ္စတိုအရပ်ရှိ တော်တာဒေါင်း စာတိုက်၊ ဗြိတိန်စာတိုက်နှင့် လန်ဒန်စာတိုက်များတွင် တွေ့မြင်ကြရသည်။

အမ်အင်အေ၊ဆင်ဟွာ

ဗြိတိန်နိုင်ငံမှ စာပို့သမားတစ်ဦး လုပ်ငန်းခွင်ဝင်နေသည်ကို တွေ့ရစဉ်။

ဗြိတိန်ကျန်းမာရေးဌာနရှိ လူနာမှတ်တမ်းများပျောက်ဆုံး

လန်ဒန် ဒီဇင်ဘာ ၂၄

ဗြိတိန်နိုင်ငံ၏ အမျိုးသားကျန်းမာရေးဌာန ကိုးခုတွင် သိမ်းဆည်းထားသော လူနာများ၏ မှတ်တမ်းမှတ်ရာ ထောင်နှင့်ချီ၍ ပျောက်ဆုံးနေကြောင်း မီရာသတင်းစာက ဖော်ပြသည်။

စီတီးနှင့် ဟက်နေဌာန၊ မိဒ်စတုန်းနှင့် တန်ဗရစ်ချ်ဝဲလ်ဌာနတို့တွင် သိမ်းဆည်းထားသော ကလေးလူနာ ၁၆၀၀၀ နှင့် ကင်ဆာရောဂါသည် ၂၄၄ ဦးတို့၏ စီဒီမှတ်တမ်းများ ပျောက်ဆုံးနေကြောင်း သတင်းက အစီရင်ခံသည်။

ထိုသို့ ပျောက်ဆုံးနေကြောင်းကို သက်ဆိုင်ရာ လူနာများသို့ အကြောင်းကြားထားပြီး ဖြစ်သည့်အပြင် ထိုမှတ်တမ်းများ မသမာသူများထံ ရောက်ရှိသွားသော လက္ခဏာလည်း မတွေ့ရဟု ဆိုသည်။

ယင်းမှတ်တမ်းများကို ထိန်းသိမ်းရာ၌ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များ ရှိသည်။ ယခုအခါ ထိုမှတ်တမ်းများ အဘယ်ကြောင့် ပျောက်ဆုံးရသည်ကို စုံစမ်းလျက်ရှိသည်။ ဤကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူကို ဖော်ထုတ်တွေ့ရှိပါက အရေးယူမည်ဖြစ်ကြောင်း သိရသည်။

ဘောကွန်ရိုင်ရယ်၊ စူဇန်နှင့်မာတွန်၊ ဆက်ဖ်တွန်၊ မစ်ဒ်-ဆက်စက်၊ အရှေ့နှင့် မြောက်ဟာဒ်ဖို့ဒ်ရှိုင်းယား စသည့် ဌာနများမှ ဆေးမှတ်တမ်းများလည်း ပျောက်ဆုံးနေသည်။

အမ်အင်အေ၊ရိုက်တာ

❍ စာမျက်နှာ ၆ ဆောင်းပါးမှအဆက်

စီးပွားရေးအရ တွက်ခြေကိုက်သည့်ပေါင်းဆန်

ပေါင်းဆန်အဖြစ် ကြိတ်ခွဲရောင်းချရင် စီးပွားရေးအနေနဲ့လည်း တွက်ခြေကိုက်ပါတယ်။ ပေါင်းဆန်အဖြစ်ကြိတ်ရင် စပါးဟာ ပိုပြီး အကြိတ်ခံပါတယ်။ အကျိုးအကြေနည်းပါတယ်။ ဆန်ထွက်လည်းများပါတယ်။ စပါးတင်းတစ်ရာကို ပေါင်းဆန်အဖြစ်ကြိတ်ရင် ရိုးရိုးဆန်ဖြူကြိတ်ခွဲတာထက် ဆန် ၁၀ တင်းလောက် ပိုပြီးထွက်တယ်လို့ သိရပါတယ်။ ပေါင်းဆန်ဟာ ကြာကြာအထားခံပါတယ်။ ပိုးမထိုးပါဘူး။ ထမင်းလည်းပိုပြီးတက်ပါတယ်။ ဆန်နို့ဆီဘူးတစ်လုံးချင်း အတူတူချက်ရင် ပေါင်းဆန်က ရိုးရိုးဆန်ဖြူထက် ထမင်းပိုများများ ရတယ်လို့ ဆိုလိုပါတယ်။ ပေါင်းဆန်အဖြစ် ကြိတ်ခွဲရာမှာ ရေနွေးငွေ့လွှတ်ပေးရခြင်း၊ အခြောက်လှန်းရခြင်းတို့အတွက် အချိန်၊ နေရာ၊ လုပ်ငန်းအဆင့် ပိုများပြီး စရိတ်စကပိုပေမယ့် ဆန်အထွက်များခြင်း၊ နိုင်ငံတကာဈေးကွက်မှာ ဈေးပိုရခြင်းတို့ကြောင့် ပိုပြီးတွက်ခြေကိုက်ပါတယ်လို့ မိတ်ဆွေ ဆန်ကုန်သည်တစ်ဦးက ပြောပါတယ်။ စပါးတင်းတစ်ရာ ကြိတ်ခွဲတိုင်း ၁၀ တင်းလောက် ပိုထွက်နိုင်တယ်ဆိုတော့ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ကြည့်ရင် ဆန်တင်းပေါင်းများစွာ ပိုပြီးထွက်လာမှာမို့ နိုင်ငံရဲ့ ရိက္ခာဖူလုံရေးကို အများကြီး အထောက်အကူဖြစ်နိုင်ကြောင်းလည်း မိတ်ဆွေ ဆန်ကုန်သည်က ရှင်းပြပါတယ်။ ယခုအခါမှာ အနံ့အရသာကောင်းတဲ့ ပေါင်းဆန်ကြိတ်ခွဲနည်းတွေ ပေါ်ပေါက်နေပြီလို့ သိရပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနဟာ သူငယ်နာ ဘယ်ရီဘယ်ရီရောဂါ ကာကွယ်ထိန်းသိမ်းရေးအတွက် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တွေကို ဗီတာမင်ဘီဝမ်း ဆေးပြားတွေ အခမဲ့ ဖြန့်ဝေတိုက်ကျွေးတဲ့ စီမံချက်ကို အကောင်အထည်ဖော်နေပါတယ်။ ဒီစီမံချက်မျိုးဟာ အလွန် အကျိုးသက်ရောက်မှုရှိပါတယ်။ ဒါပေမယ့် ကုန်ကျစရိတ်အလွန်များတဲ့အတွက် ရေတိုစီမံချက်မျိုးသာဖြစ်နိုင်ပါတယ်။ အခြားနိုင်ငံတွေမှာလို ဘယ်ရီဘယ်ရီ ထုံနာရောဂါ လုံးဝပပျောက်သွားတဲ့အထိ ရေရှည်ဆောင်ရွက်ဖို့ဆိုရင် လူတွေရဲ့ အစာစားသုံးမှု အမူအကျင့်ကို ပြောင်းကြရပါလိမ့်မယ်။

ဒါကြောင့် အာဟာရပြည့်ဝကျန်းမာဖို့ ပေါင်းဆန်စားကြစို့လို့ နှိုးဆော်လိုပါတယ်။ ။

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၂-၂၀၀၇ (အင်္ဂါနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	"နိဗ္ဗာန်ဆိုတာတကယ်ရှိတယ်"တရားတော် (ရွှေမိုးညိုဆရာတော် အရှင်ဇာနေယျ)
၈:၀၀-၂:၀၀	နှင်းပွင့်လေးတွေနှင့်တွဲဖက် ဆွယ်တာလေးတွေစွဲမက်
၈:၁၅-၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀-၂:၂၀	Sunday Talk
၉:၁၅-၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀-၃:၂၀	ပြည်တွင်းသတင်းအကျဉ်း
၉:၃၀-၃:၃၀	တေးဂီတအစီအစဉ်
၉:၃၅-၃:၃၅	ကြည်နူးခံစားလက်ဆောင်ထုပ်ပိုးမှုများ
၉:၄၅-၃:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၀-၃:၅၀	ဒေသဧရာအစားအစာပုသိမ်ဟာလဝါ
၁၀:၀၀-၄:၀၀	တေးဂီတအစီအစဉ်
၁၀:၀၅-၄:၀၅	Biz Net
၁၀:၂၀-၄:၂၀	မိုးလေဝသခန့်မှန်းချက်
၁၀:၂၅-၄:၂၅	တေးဂီတအစီအစဉ်
၁၀:၃၀-၄:၃၀	အခက်အခဲများကိုလျော့ပါးစေမည် (Sign Language Dictionary)
၁၀:၅၀-၄:၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁:၀၀-၅:၀၀	တေးဂီတအစီအစဉ်
၁၁:၀၅-၅:၀၅	အနုပညာရပ်ဝန်းမှပဲ့တင်သံများ (ရွှေမင်္ဂလာစုံတွဲရှာပုံတော်ရွေးချယ်ပွဲ)
၁၁:၄၀-၅:၄၀	တေးဂီတအစီအစဉ်
၁၁:၄၅-၅:၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅-၅:၅၅	သဘာဝလက်ဆောင်"စိမ်းပြာရေညှိထုတ်ကုန်များ"
၁၂:၃၅-၆:၃၅	Music Gallery "ရွှေပြည်တန်အချစ်သီချင်းများ" (မန္တလေးသိန်းဇော်၊ ဟေမာနေဝင်း)
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ထူးထူးခြားခြား နေစကြဝဠာမှ ဂြိုဟ်များ

နေစကြဝဠာတွင် အဝေးဆုံးဂြိုဟ်

၂၀၀၆ခုနှစ်တွင် ပလူတိုဂြိုဟ်ကို ဂြိုဟ်အဆင့်အတန်းသတ်မှတ်ချက်မှ ပယ်ဖျက်လိုက်ပြီးနောက် နက်ပ်ကျွန်းဂြိုဟ်သည် နေမှရေတွက်သော် အဝေးဆုံးနေရာ၌ရပ်တည်နေသည့်ဂြိုဟ်ဖြစ်လာသည်။ နေမှ မိုင်ပေါင်း ၂ဒသမ ၇ ဘီလီယံအကွာအဝေးတွင်တည်ရှိသော နက်ပ်ကျွန်းဂြိုဟ်သည် တစ်စက္ကန့်လျှင် ၃ဒသမ ၃၈မိုင်နှုန်းဖြင့်လှည့်ပတ်လျက်ရှိသည်။ ယင်းဂြိုဟ်သည် နေကိုတစ်ပတ် ပတ်မိရန် ၁၆၄ ဒသမ ၇၉နှစ် အချိန်ယူရသည်။

နေနှင့်အနီးဆုံး ဗုဒ္ဓဟူးဂြိုဟ်

နေစကြဝဠာတွင် အရေးအပါဆုံးဂြိုဟ်များအနက် အသေးငယ်ဆုံးဂြိုဟ်မှာ ဗုဒ္ဓဟူးဂြိုဟ်ဖြစ်သည်။ အချင်း ၃၀၃၁မိုင်ရှိ ဗုဒ္ဓဟူးဂြိုဟ်သည် လကမ္ဘာ၏အချင်းအောက် တစ်ဆခွဲခန့် ပိုမိုသေးငယ်သည်။ နေနှင့်အနီးဆုံးနေရာ၌ ရပ်တည်နေသော ဗုဒ္ဓဟူးဂြိုဟ်သည် အမြန်ဆုံးနှုန်းဖြင့် လှည့်ပတ်နေရသည့်ဂြိုဟ်ဖြစ်ပြီး ဂြိုဟ်ပတ်နှုန်းမှာ တစ်စက္ကန့်လျှင် ၃၀ဒသမ ၃၆မိုင်ရှိသည်။

ကမ္ဘာနှင့်အလားသဏ္ဍာန်တူသည့်ဂြိုဟ်

အင်္ဂါဂြိုဟ်သည် ကမ္ဘာနှင့်အလားသဏ္ဍာန် အတူညီဆုံးဂြိုဟ်ဖြစ်ပြီး ယင်းဂြိုဟ်မျက်နှာပြင် အပူချိန်မှာ အနုတ် ၁၄၀ ဒီဂရီစင်တီဂရိတ်မှ ၂၀ ဒီဂရီစင်တီဂရိတ်(အနုတ် ၂၂၀ ဒီဂရီဖာရင်ဟိုက်မှ ၆၈ ဒီဂရီဖာရင်ဟိုက်) အကြားတွင်ရှိသည်။ အင်္ဂါဂြိုဟ်ကိုလွှမ်းခြုံထားသော ဓာတ်ငွေ့ထုမှာ ပုံမှန်ပြောင်းလဲနေခြင်းကြောင့် အာကာသယာဉ်မှူးများသည် ယင်းဂြိုဟ်မျက်နှာပြင်ပေါ်တွင် အကာအကွယ်ဝတ်စုံဝတ်ဆင်ကာ လမ်းလျှောက်နိုင်မည်ဟု သိပ္ပံပညာရှင်များက ယူဆကြသည်။

အပူပြင်းဆုံးဂြိုဟ်

သောကြာဂြိုဟ်သည် နေစကြဝဠာအတွင်းရှိ မည်သည့်ဂြိုဟ်နှင့်မဆို နှိုင်းယှဉ်ကြည့်ပါက အသိပ်သည်းဆုံးဓာတ်ငွေ့ထုတည်ရှိရာ ဂြိုဟ်ဖြစ်သဖြင့် အပူပြင်းဆုံးဂြိုဟ်ဖြစ်သည်။ ယင်းဂြိုဟ်ကိုလွှမ်းခြုံနေသော ဓာတ်ငွေ့ထု၏ ဖိအားမှာ ကမ္ဘာကိုလွှမ်းခြုံထားသော လေထုဖိအား၏ အဆ၁၀၀ခန့် ပိုမိုသည်။ သောကြာဂြိုဟ်၏ ဓာတ်ငွေ့ထုအတွင်းရှိဓာတ်ငွေ့များသည် ဖန်လုံအိမ်အာနိသင်ကိုဖြစ်ပေါ်စေနိုင်ပြီး ယင်းဂြိုဟ်၏မျက်နှာပြင်အပူချိန်မှာ ၄၈၀ဒီဂရီစင်တီဂရိတ် (၈၉၆ဒီဂရီဖာရင်ဟိုက်)အထိ ရှိနိုင်သည်။

အတောက်ပဆုံးဂြိုဟ်

ကမ္ဘာမှကြည့်ရှုလျှင် တွေ့မြင်နိုင်သည့် ဂြိုဟ်ငါးလုံးမှာ ကြာသပတေးဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ စနေဂြိုဟ်နှင့် သောကြာဂြိုဟ်တို့ဖြစ်ပြီး သောကြာဂြိုဟ်သည် ယင်းဂြိုဟ်ငါးလုံးအနက် အတောက်ပဆုံးဖြစ်သည်။ နေနှင့်လတို့မှလွဲလျှင် ညဘက်တွင် အာကာသကောင်းကင်ပြင်အတွင်း မိမိတို့တွေ့မြင်နိုင်သည့်ဂြိုဟ်များအနက် အတောက်ပဆုံးဂြိုဟ်မှာ သောကြာဂြိုဟ်ဖြစ်သည်။

နေစကြဝဠာတွင် အကြီးဆုံးဂြိုဟ်

ကြာသပတေးဂြိုဟ်သည် အီကွေတာရပ်ဝန်းဆိုင်ရာ အချင်း၈၉၄၀၅ မိုင်ရှိသည့်ဂြိုဟ်ဖြစ်ပြီး ဝင်ရိုးစွန်းဆိုင်ရာ အချင်း ၈၃၀၈၂ မိုင်ရှိသည်။ ယင်းဂြိုဟ်၏ဒြပ်ထုမှာ ကမ္ဘာ၏ဒြပ်ထုထက် ၃၁၇ ဒသမ ၈၂၈ ဆကြီးမားသည်။ ကြာသပတေးဂြိုဟ်သည် နေစကြဝဠာတွင် အကြီးဆုံးဖြစ်ပြီး ၎င်း၏ဝင်ရိုးကို တစ်ပတ်ပတ်နိုင်ရန် ၉ နာရီ ၅၅ မိနစ်နှင့် ၂၉ ဒသမ ၆၉ စက္ကန့်ကြာမြင့်သည်။



နက်ပ်ကျွန်းဂြိုဟ် လေ့လာရေး ဂြိုဟ်ဆင်းယာဉ်ပုံစံကို ပန်းချီစိတ်ကူးဖြင့်သရုပ်ဖော်ထားစဉ်။



ဗုဒ္ဓဟူးဂြိုဟ်၏ မျက်နှာပြင်တစ်နေရာကိုဖော်ပြသည့် နက္ခတ္တဗေဒမြေပုံ။

ကမ္ဘာနှင့်အလားသဏ္ဍာန်အတူညီဆုံးဂြိုဟ်ဖြစ်သည့် အင်္ဂါဂြိုဟ်ကို တွေ့ရစဉ်။

ကြေးမုံ
The Mirror

စကြဝဠာ တစ်ခွင် တစ်ပြင်၌ တည်ရှိနေသည့် ဂြိုဟ်များ၏ ထူးခြားချက်များ။

ကြာသပတေးဂြိုဟ်သည် နေစကြဝဠာတွင် အကြီးဆုံးဂြိုဟ်ဖြစ်သည်။



တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဒီဇင်ဘာ ၂၄

တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)၌ ဒီဇင်ဘာ ၂၃ ရက် နံနက် ၆ နာရီတွင် ဦးတင်ထွန်း (အငြိမ်းစားသံအမတ်ကြီး)သည် ကစားဖော်များဖြစ်ကြသော ဦးစိုးတင့်၊ ဦးသက်ဝင်း၊ ဦးမျိုးဝင်းတို့နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ကျင်းအမှတ်(၁၀)၌ ၁၆၃ကိုက်အကွာမှ Noddle No.3 ဘောလုံးအား Callaway Bigbertha Iron No.6 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (ကြေးမုံ)

နှစ်(၆၀)ပြည့် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်

(က) နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။
(ခ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုပေါင်းထိန်းသိမ်းကာကွယ်ရေး။
(ဂ) အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကချမှတ်ခဲ့သော အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများနှင့်အညီ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး။
(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတို့အတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။
(င) နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားသည့်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကသာ-ဗန်းမော်ရထားလမ်းဖေ စင်းခမ်းရွာအနီး ရေဝတီမြစ်ကူးတံတားတည်ဆောက်မည့်

နေပြည်တော် ဒီဇင်ဘာ ၂၄

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဒီဇ တာဝန်ရှိသူများလိုက်ပါလျက် ကသာ-ဗန်းမော်ရထားလမ်းဖောက်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရှေ ဗန်းမော်ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်၌ တာဝန်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန် လမ်းညွှန်ချက်အရ ကြံခင်း-ပခုက္ကူ ရထားလမ်းကဲ့သို့ပင် ယခု ကသာ-ဗန်းမော်ရထားလမ်းကို ဖောက်လုပ်ခြင်းဖြစ်ေ ဖောက်လုပ်ပေးခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးကိုအထောက်အကူ ပြုစေမည်ဖြစ်သကဲ့သို့ ဗန်းမော်-ကသာ-ခင်ဦး-ချောင်းဦး၊ ပ ၏ အရှေ့နှင့်အနောက်သို့ ရထားဖြင့် ကုန်စည်များပို့ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ စိတ်စေတနာကောင်းဖြင့် တက်ညီလ မှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ပေါမမြိုင်ရွာအနီး မြေသားလုပ်ငန်း ဆောင်ရွက်ထားမှု၊ မဲဟင်ရွာအနီး မြေသားလုပ်ငန်း ဆောင်ရွက်နေမှု၊ ကတက်ချောင်ရွာအနီး ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှု၊ မင်းလယ်ရွာအနီး ယန္တရားများဖြင့် မင်းလယ်ဘူတာနေရာ မြေသားလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များမှာကြား၍ ဒေသခံများအား ရင်းနှီးစွာတွေ့ဆုံသည်။

ဆက်လက်၍ ဝန်ကြီးသည် မိုးတားကြီးကျေးရွာ၊ ချောင်းဝကျေးရွာတို့မှ ဒေသခံရွာသူရွာသားများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ ကသာ-ဗန်းမော် ရထားလမ်းဖောက်လုပ်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများ၊ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားပြီး ချောင်းဝကျေးရွာအနီးရှိ ကောက်ကွေ့ချောင်းတံတား တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

➪ **ကျောဖုံးမှ**

၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ အမျိုးသား ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲအဖြစ် ဒီဇင်ဘာ ၂၇ရက် နံနက် ၇နာရီတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေး ဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲအဖြစ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အသင်းနှင့် အားကစားဝန်ကြီးဌာန အသင်းတို့သည် ဒီဇင်ဘာ ၂၉ ရက် နံနက် ၇နာရီခွဲတွင် အဆိုပါဘော်လီဘောပြိုင်ကွင်း၌ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒအထူးပြု ကျောင်းသား ကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်တက္ကသိုလ် ဘူမိဗေဒအထူးပြု (၁၉၈၂ နှင့် ၁၉၈၃)ခုနှစ်တွင် စတင်တက်ရောက်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ရက် သောကြာနေ့(လွတ်လပ်ရေးနေ့) နံနက် ၉ နာရီမှ ၁၁နာရီအထိ မရမ်းကုန်းမြို့နယ်ရှိ တက္ကသိုလ်များဓမ္မာရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား/ကျောင်းသူဟောင်းများ ဖိတ်စာရသည်၊ မရသည်ဖြစ်စေ မပျက်မကွက်တက်ရောက်ကြပါရန်နှင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် ကိုမြတ်လှိုင် ဖုန်း ၀၉၅-၀၀၄၄၆၇၊ သိန်းထွန်း ဖုန်း ၀၉၅-၁၇၅၉၁၇၊ ဝင်းဇော်ရှိန် ဖုန်း ၇၂၂၉၈၉/၆၄၃၇၀၅၊ သိန်းစိုး ဖုန်း ၇၀၇၇၃၆၊ ခိုင်စိုး ဖုန်း ၀၉၅-၀၁၇၆၉၅၊ လှမော် ဖုန်း ၀၉၅-၀၀၈၈၃၀၊ ဖြူဖြူရွှေ ဖုန်း ၀၉၅-၁၂၇၃၈၇၊ ဂါဂါနီသန်းလှိုင် ဖုန်း ၀၉ ၉၉၂၄၄၉၃၊ ပွင့်သွယ်ဝင်း ဖုန်း ၀၉ ၉၉၇၀၆၇၅ နှင့် ဝင်းမြင့် ဖုန်း ၀၉၅-၁၂၈၇၅၅ တို့သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မျိုးသားရေးဦးတည်ချက်

အာဏာ တည်တံ့ခိုင်မြဲရေးအတွက်
ပေါင်း ကာကွယ်စောင့်ရှောက်ရေး။
လုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက်
ကွယ်ရေး။
သီလာခံကချမှတ်ခဲ့သော အခြေခံမူ
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ

ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်
ားလုံးက တက်ညီလက်ညီ အားသွန်

ဉ် (၇)ရပ် အောင်မြင်ရေးအတွက်
တ်၊ မျိုးချစ်စိတ်ဓာတ်၊ စွန့်လွှတ်စွန့်စား
ဝင်ဆောင်ရွက်ရေး။

နေပြည်တော် မြို့တော်ခန်းမ

မာတ်ပုံ-ဦးကိုကိုနိုင်(IPRD)

ာ-ဗန်းမော်ရထားလမ်းဖောက်လုပ်မှုကြည့်ရှု တံတားတည်ဆောက်မည့်နေရာ စစ်ဆေး

တ် ဒီဇင်ဘာ ၂၄

းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါ၍ ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲပိုင်းတွင် ပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ရှေးဦးစွာ ကသာမြို့အနီးရှိ ကသာ– န်ရှိသူတို့၏ ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ သာ–ဗန်းမော်ရထားလမ်းကို ဖောက်လုပ်ခြင်းဖြစ်ကြောင်း၊ ဗန်းမော်သို့ ရထားလမ်း ဖြစ်သကဲ့သို့ ဗန်းမော်–ကသာ–ခင်ဦး–ချောင်းဦး၊ ပခုက္ကူမှ ကလေးအထိ မြန်မာပြည် ဖြစ်ကြောင်း၊ စိတ်စေတနာကောင်းဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ရေးတို့ကို

ဖွံ့ဖြိုး ားကို ာင်းဝ

ကျေးရွာအနီးရှိ ကောက်ကွေ့ချောင်း တံတား တည်ဆောက်မည့် နေရာကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ဝန်ကြီးသည် ကသာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်းရုံးသို့ ရောက်ရှိပြီး ခရိုင်နှင့်မြို့နယ်အသင်း အတွင်းရေးမှူး၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု ဆောင်ရွက်ချက်များ ပြောကြားသည်။ ထို့နောက် ဝန်ကြီးသည် ဒီဇင်ဘာ ၂၂ရက် မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးနှင့်အတူ တာဝန်ရှိသူများလိုက်ပါ၍ ဗန်းမော်မြို့နယ် ဧရာဝတီမြစ် တောင်ဘက်ကမ်း စင်းခမ်းကျေးရွာအနီးရှိ ဧရာဝတီမြစ်ကူးတံတား တည်ဆောက်မည့် နေရာသို့ ရောက်ရှိစစ်ဆေးရာ တာဝန်ရှိသူတို့က တိုင်းတာမှုအခြေအနေများကိုတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်တင်ပြရာ ဝန်ကြီးကလုပ်ငန်းလိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် စက်တပ်လှေဖြင့် ဧရာဝတီမြစ်မြောက်ဘက်ကမ်း နမ့်ခုတ်ရွာအနီးသို့တက်ရောက်၍ တံတားချဉ်းကပ်လမ်း ရထားလမ်း ဖောက်လုပ်ရေးအတွက် ကြည့်ရှုစစ်ဆေးသည်။

ကြိုးပမ်းဆောင်ရွက်

ကသာ–ဗန်းမော် ရထားလမ်းမှာ ပဏာမ တိုင်းတာမှုအရ ၉၅ မိုင် ရှည်လျားပြီး ဧရာဝတီမြစ် ကူးတံတားကြီး တစ်စင်း အပါအဝင် တံတားကြီးငယ်ပေါင်း ၅၅စင်း တည်ဆောက်ရမည်ဖြစ်သည်။ ယခုအခါ မြေသားလုပ်ငန်း ခုနစ်မိုင်ပြီးစီးနေပြီဖြစ်ပြီး ကသာမှချောင်းဝရွာအထိ ၂၇မိုင်ကို ပထမအဆင့်အနေဖြင့် ဖွင့်လှစ်အသုံးပြုနိုင်ရေးအတွက် မြန်မာ့မီးရထားမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ကသာ–ဗန်းမော် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းတွင်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (ရထားပို့ဆောင်ရေး)

...ိုလ် ဘူမိဗေဒအထူးပြု ...ဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

...န် ဒီဇင်ဘာ ၂၄

...မိဗေဒအထူးပြု (၁၉၈၂ နှင့် ၁၉၈၃)ခုနှစ်တွင် ... ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ...စားပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၄ရက် ...နေ့) နံနက် ၉ နာရီမှ ၁၁နာရီအထိ မရမ်းကုန်း ...းမွှောရုံ၌ကျင်းပမည်ဖြစ်ရာ ကျောင်းသား/ ...စာရသည်၊ မရသည်ဖြစ်စေ မပျက်မကွက် ...လှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုသူများသည် ...၄၄၆၇၊ သိန်းထွန်း ဖုန်း ၀၉၅–၁၇၅၉၁၇၊ .../၆၄၃၇၀၅၊ သိန်းစိုး ဖုန်း ၇၀၇၇၃၆၊ ခိုင်စိုး ... ဖုန်း ၀၉၅–၀၀၈၈၃၀၊ ဖြူဖြူရွှေ ဖုန်း ၀၉၅– ...ဖုန်း ၀၉ ၉၈၂၄၄၉၃၊ ပွင့်သွယ်ဝင်း ဖုန်း ၀၉ ...န်း ၀၉၅–၁၂၈၇၅၅ တို့သို့ ဆက်သွယ်စုံစမ်း ...ဉ်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၅–၁၂–၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၁၅ ၂။ **တိပိဋကဓရ၊ ဓမ္မဘဏ္ဍာ ဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ (ယောဆရာတော်)**

ဟောကြားတော်မူအပ် သောဥပ္ပာတသန္တိ ပါဠိတော်

၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၄။ နံနက်ခင်းသတင်း
၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၆။ ကဗျာပန်းဥယျာဉ်
၈:၁၀ ၇။ အတီးပြိုင်ပွဲ
၈:၁၅ ၈။ နှောင်းခေတ်တေးပဒေသာ
၈:၂၅ ၉။ အကပြိုင်ပွဲ
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ Let's Go.
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၀၀ ၅။ ခံစားနားဆင်တေးဓာတ်ဝင်
၅:၁၀ ၆။ ဆိုကြမယ် ပျော်ကြမယ်
၆:၀၀ ၇။ ညနေခင်းသတင်း
၆:၃၀ ၈။ မိုးလေဝသအခြေအနေ
၆:၃၅ ၉။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၅၀ ၁၀။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၁၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မြူခိုးဝေဝေချစ်သက်တည်" (အပိုင်း–၉)**
၈:၀၀ ၁၂။ ပြည်တွင်းသတင်း
၁၃။ နိုင်ငံတကာသတင်းများ
၁၄။ မိုးလေဝသအခြေအနေ
၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်စေတမန်" (အပိုင်း–၁၁)**
၁၆။ နောက်တစ်နေ့အစီအစဉ်
၁၇။ အစီအစဉ်ပြီး၏။

✳ စာမျက်နှာ ၃ မှ

အနန္တရဓာနာယ သံဝတ္တန္တိ"စသည်ဖြင့် အင်္ဂုတ္တရနိကာယ ပဉ္စကနိပါတ ပါဠိတော်၌ သာသနာတော် တည်တံ့ခိုင်မြဲခြင်း၊မကွယ်ပျောက်ခြင်းတရားငါးပါးကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။ ထိုတရားငါးပါးတို့မှာ–

(၁) သုဂ္ဂဟိတံသုတ္တန္တံ ပရိယာပုဏန္တိ = မြတ်စွာဘုရားဟောကြားတော်မူသော ပါဠိတော်ကို ကောင်းစွာ သင်ခြင်းတစ်ပါး။
(၂) ပဒဗျဉ္ဇနဂ္ဂါဟိနောအနုသာသနိ = မြတ်စွာဘုရားရှင်၏ အဆုံးအမတော်ကို ရိုသေစွာ ဆောင်ထားခြင်းတစ်ပါး။
(၃) အာဂတာဂမာ ဓမ္မဓရာ ဝိနယဓရာ = သုတ် ဝိနည်းအဘိဓမ္မာ ပါဠိတော်တို့ကို အာဂုံဆောင် ထားခြင်းတစ်ပါး။
(၄) န ဗာဟုလိကာ ဟောန္တိ = ပစ္စည်းလေးပါး၊ လာဘ်ပေါ်များအောင် မပြုလုပ်ခြင်းတစ်ပါး။
(၅) သံဃော သမဂ္ဂေါ=သံဃာညီညွတ်ခြင်းတစ်ပါး
တို့ဖြစ်ပါသည်။

ဤငါးပါးတို့တွင် သုတ္တန်, ဝိနည်း, အဘိဓမ္မာတို့ကို အာဂုံဆောင်ထားခြင်းသည် "နန္တိန္န မူလကော သုတ္တန္တေ"အရ မြတ်စွာဘုရားဟောကြားတော်မူသော တရား တော်တို့၏ အမြစ်အရင်းမပြတ်အောင် ဆောင်ရွက်ခြင်းပင်ဖြစ်ပါသည်။

တိပိဋကဓရအလျာ သာသနာ့အာဇာနည် အရှင်မြတ်များသည် အနာဂတ်သာသနာတော်၏ ခေါင်းဆောင်ကောင်း မဟာထေရ်လောင်းလျာများ ဖြစ်ကြသည့်အားလျော်စွာ မိမိတို့ လေ့လာသင်ကြားတတ်မြောက်ထားသည့် ပိဋကသုံးသွယ် နိကာယ်ငါးရပ် ပါဠိတော် အဋ္ဌကထာဋီကာကျမ်းများကို တပည့်များအား အကျယ်အားဖြင့် သင်ကြားပို့ချခြင်း၊ ဒါယကာ ဒါယိကာမများအား ဟောပြောပြသသည့်နည်းတူ သာသနာတော်၌ရံဖန်ရံခါ ပေါ်ပေါက်လာတတ်သည့် သာသနာ့ရန်စွယ်အန္တရာယ်ဟူသမျှကို သုတ်သင်ရှင်းလင်းဖယ်ရှားလျက် သာသနာတော်မြတ်ကြီးအရှည်ခံ၍ တည်တံ့ရေးကို ကြိုးစားမယုတ်အားထုတ်တော်မူကြပါရန် တိုက်တွန်းအပ်ပါသည်။

နိုင်ငံတော်အစိုးရအမှူးပြုသော ဒါယကာ၊ ဒါယိကာမအပေါင်း သူတော်ကောင်းတို့သည်လည်း "ဓမ္မဓ ရေ ပုဂ္ဂလေ စတူဟိ ပစ္စယေဟိ ဥပဋ္ဌဟန္တာ ပူဇေန္တာ သက္ကရောန္တာ ဓမ္မဋ္ဌ စိရဋ္ဌိတိကံ ကရောန္တာ ဓမ္မေ ဒါနံ ဒဒန္တိနာမ"ဟူ၍ ဋ္ဌကထာအဋ္ဌကထာ၌ လာရှိသည်ကို ကြားနာမှတ်သား နှလုံးထားလျက် မြတ်စွာဘုရားရှင်၏ တရားတော်တို့ကို အာဂုံဆောင်တော်မူကြသည့် သာသနာ့အာဇာနည်များအား ပစ္စည်းလေးပါးတို့ဖြင့် ထောက်ပံ့ပူဇော်လှူဒါန်းရခြင်းသည် တရားတော်ကို လေးမြတ်ကော်ရော် ပူဇော်ရာရောက်သောကြောင့် နိဗ္ဗာန်တိုင်ထိ ကောင်းမြတ်သော အကျိုးတရားများကို ရရှိခံစားနိုင်ကြမည်ဖြစ်ပါသည်။ ရရှိခံစားနိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းလျက် ဆရာတော်၏ သာရဏီယ ဩဝါဒကထာကို နိဂုံးချုပ်အပ်ပါသည်။

ယောဂီမယ်တော်ကြီး ဘွားအိမ်ပြည့်က အသက်(၁၀၃)နှစ်မြောက် မွေးနေ့အလှူအဖြစ် မြန်မာနိုင်ငံအနှံ့ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပရိယတ္တိစာသင်တိုက်များ၊ စာသင် ကျောင်းများရေရရှိရေးအတွက် ငွေကျပ်၁၀၃သိန်းကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ယောဂီမယ်တော်ကြီး ဘွားအိမ်ပြည့် အသက်(၁၀၃)နှစ်မြောက် မွေးနေ့အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့နယ် ဝဲလောင်ကျောက္ကာကျေးရွာဇာတိ ယောဂီမယ်တော်ကြီး ဘွားအိမ်ပြည့်၏ (၁၀၃)နှစ်မြောက် မွေးနေ့အလှူတော်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ၁၄ရပ်ကွက် ကျောက်ကုန်းလမ်း ကျောက်ကုန်းကျောင်းကြီး ပရိယတ္တိစာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားသို့ ပင့်သံဃာ၁၀ပါးအား ပင့်ဖိတ်ပြီး မွေးနေ့အလှူရှင် ဘွားအိမ်ပြည့်၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးအောင်သောင်း၏ဇနီး ဒေါ်ခင်ခင်ရီနှင့် မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်လိုက်ပြီး လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် မှန်ကျောင်းဆရာတော် ဘဒ္ဒန္တပညာဇောတထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ယောဂီမယ်တော်ကြီး ဘွားအိမ်ပြည့် အမှူးပြု၍ မိသားစုဝင်များက သင်္ကန်း၊ ပရိက္ခရာနှင့်လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ယောဂီမယ်တော်ကြီး ဘွားအိမ်ပြည့်က အသက်(၁၀၃)နှစ်မြောက်မွေးနေ့အလှူအဖြစ် မြန်မာနိုင်ငံအနှံ့ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီး ကျောင်းများ၊ ပရိယတ္တိစာသင်တိုက်များ၊ စာသင်ကျောင်းများ ရေရရှိရေးအတွက် ငွေကျပ် ၁၀၃သိန်းကို ပေးအပ်လှူဒါန်းရာ ဝေနေယျသုခရေချမ်းစင်အသင်းဥက္ကဋ္ဌ ဦးကျော်သောင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပင့်သံဃာ၁၀ပါးအားနေ့ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး ဧည့်ပရိသတ်များအား နေ့လယ်စာဖြင့်ဧည့်ခံကျွေးမွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပန်းမြို့တော်တွင် ဖူးပွင့်လာသော အိုင်စီတီပန်းပွင့်များ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ ညီညီထွန်း(သတင်းစဉ်)

* **ရာသီဥတုကောင်းမွန်၍ ပန်းပေါင်းစုံပွင့်ရာမြေ။**
* **နိုင်ငံတော် ကာကွယ်ရေးအတွက် နောင်တစ်ခေတ်၏ အောင်စစ်သည်များ မွေးဖွားရာမြေ။**
* **ခေတ်မီ အိုင်စီတီ ပညာပန်းများ ဖူးပွင့်ရာမြေ။**

ဤမြေ ဤရေ ဤဒေသသို့ ယခုတစ်ကြိမ် ပြန်ရောက်သောအခါ မြင်ကွင်းသစ်၊ ရှုခင်းသစ်၊ ရနံ့သစ်များ မွှမ်းထုံသင်းပျံ့နေပါ၏။ မန္တလေးမှ ပြင်ဦးလွင်သို့ တောင်ပေါ်ခရီးတွင်အတက်လမ်းနှင့် အဆင်းလမ်းခွဲခြား၍အေးအေးချမ်းချမ်းနှင့် အန္တရာယ်ကင်းစွာ သွားလာနေကြပြီး(View Point) ရှုခင်းသာ

နှင့် (၂၁)မိုင်စခန်းကို ဖြတ်ကျော်မိသောအခါ ရာသီဥတုမှာ သိသိသာသာ အေးမြလာ၏။

မြင်ကွင်းရှုခင်းများမှာလည်း သိသိသာသာ စိမ်းစိုညို့မှိုင်းလာသည်။ (၂၇)မိုင်သို့ ရောက်သောအခါ ရတနာပုံတယ်လီပို့သို့ လမ်းညွှန်ထားသည့် ဖြောင့်ဖြူးညီညာသောလမ်းကို ဖြတ်သန်းရသည်။ ရတနာပုံတယ်လီပို့နှင့် ရတနာပုံမြို့သစ်ရှိ အဆောက်အအုံများမှာ ခေတ်မီ၍ လှပခံ့ညားလှသည်။

ရတနာပုံတယ်လီပို့သည် ပြည်သူများအား နိုင်ငံတကာနှင့် ထိတွေ့ ဆက်ဆံပေါင်းကူးမည့်နေရာဖြစ်သည်။ထို့အပြင် Incubation Center အဖြစ် ရပ်တည်ပြီး အိုင်စီတီ နည်းပညာများကို အသုံးပြု၍ ခေတ်မီအီလက်ထရွန် နစ်ပစ္စည်းများကို ထုတ်လုပ်သွားမည်ဖြစ်သည်။ ယခုအခါ Incubation Center အပါအဝင် အဆောက်အအုံခုနစ်လုံး ဆောက်လုပ် ပြီးစီးနေပြီ ဖြစ်သည်။

နိုင်ငံတကာမှ အိုင်စီတီနည်းပညာများ ပိုင်ဆိုင်ကြသောကုမ္ပဏီ ၁၁ခုကလည်း ရင်းနှီးမြှုပ်နှံ ထုတ်လုပ်ခွင့်ရရန် အဆိုပြုထားပြီးဖြစ်သည်။ ရတနာပုံတယ်လီပို့ ပေါ်ထွန်းလာသည့်အတွက် မြန်မာလူငယ်များအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်ထွန်းလာသည်။

ထို့အပြင် အီလက်ထရွန်နစ် နည်းပညာသစ်များနှင့် မြန်မာလူငယ်များ ပိုမိုထိတွေ့ခွင့်ရှိလာမည်။ မြန်မာနိုင်ငံ ကွန်ပျူတာတက္ကသိုလ်များမှ လူငယ်များ၊ အိုင်စီတီနည်းပညာ လေ့လာသင်ယူနေသော လူငယ်

ဆင္ဈမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ် ၂၀၀၇ ပွဲတော်တွင် လူငယ်များ စိတ်ဝင်တစား လေ့လာကြစဉ်။ (အပေါ်ပုံ)**နှင့် ပြည်တွင်း၊ပြည်ပ ကုမ္ပဏီများက အိုင်စီတီ နည်းပညာသစ် အီလက်ထရွန်နစ်ပစ္စည်းများကို ခင်းကျင်းပြသထားစဉ်။** (ယာပုံ)

များ အားလုံး၏အနာဂတ် သာယာဖြောင့်ဖြူးလာမည်။

ရတနာပုံတယ်လီပို့ အဆောက်အအုံအတွင်းသို့ ဝင်ရောက်မိသောအခါ ၂၁ရာစု ပညာခေတ်မှ ထုတ်လုပ်ထားသော သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ ပစ္စည်းကိရိယာမျိုးစုံကို တွေ့မြင်ရသည်။ မြေညီထပ် ပြခန်းများတွင် သာမန်ခရီးဆောင် အိမ်သုံးကွန်ပျူတာမှသည် ခေတ်မီအိုင်တီပစ္စည်းမျိုးစုံ တွေ့မြင်နိုင်ပါ၏။ ပထမထပ်တွင် စိတ်ဝင်စားဖွယ်ကောင်း၍ ထူးခြားသော ပြကွက်များကို ပြသထားသည့် Credent Technology ပြခန်းတွင် ဂြိုဟ်တုမှ ရေဒါ ဓာတ်ပုံရိုက်ကူးခြင်း နည်းစနစ်သုံး ပစ္စည်းကိရိယာများအထိ မိတ်ဆက်ပြသထားသည်။ အမြင့် ကီလိုမီတာ ၅၀၀ ရှိ ဂြိုဟ်တုပေါ်တွင် တပ်ဆင်ထားသော ရေဒါကိရိယာမှ ပို့လွှတ်လိုက်သော ရေဒါလှိုင်းများသည် မြေပြင်သို့ထိပြီး မြေပြင်မှပြန်လာသော လှိုင်းများကို ဖမ်းယူပုံဖော်သောနည်းဖြစ်သည်။

ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ၊ သစ်တောကဏ္ဍ၊ ဘူမိဗေဒဆိုင်ရာ မြေပုံထုတ်လုပ်ခြင်း၊ ကမ်းရိုးတန်းဒေသကာကွယ်ခြင်းနှင့် ပြောင်းလဲမှုလေ့လာခြင်း၊ မြေပုံအမျိုးမျိုးရေးဆွဲခြင်း၊ ဆည်မြောင်းတာတမံ၊ ရေအားလျှပ်စစ်စီမံကိန်းများနှင့် သတ္တုတူးဖော်ရေး လုပ်ငန်းများအတွက် အသေးစိတ်ကွန်တိုမြေပုံများ ထုတ်လုပ်နိုင်သည်။ သဘာဝဘေးအန္တရာယ် ကျရောက်နိုင်မှုနှင့် သဘာဝအားနည်းချက်များကို အကဲဖြတ်ခြင်း၊ ဘေးအန္တရာယ်ဇုန်များကို စောင့်ကြည့်လေ့လာခြင်းများလည်း ပြုလုပ်နိုင်ပါသည်။

ဒုတိယထပ်ရှိ မြန်မာအင်ဖိုတက်၏ ပြခန်းတွင်လည်း စိတ်ဝင်စားစရာများနှင့် ပြည့်နေပါ၏။ မြန်မာအင်ဖိုတက်မှ ဆောင်ရွက်နေသောလုပ်ငန်းနှင့် တိုးချဲ့လုပ်ငန်းများကိုလည်း ဖော်ပြထားသည်။

- အများပြည်သူသုံး သတင်းအချက်အလက်ဌာန (PA) **(Public Access)**
- အီလက်ထရွန်နစ် တင်ဒါဝယ်ယူရေးစနစ် (EP) **(e-Procurement System)**
- အစိုးရစာရင်းထားနည်းစနစ် (GAS) **(Government Accounting System)**
- စက်မှုကဏ္ဍဖွံ့ဖြိုးမှု သတင်းအချက်အလက်စနစ် (IDIS) **(Industrial Development Information System)**

မြန်မာအင်ဖိုတက်သည် One Line ပေးပို့ဆောင်ရွက်မှုတိုင်းအတွက် Certification Authority နှင့် Data Encryption Method များကို အသုံးပြု၍ လုံခြုံမှုရှိအောင် ဆောင်ရွက်ထားကြောင်းလည်း သိရပါသည်။

မြေညီထပ်အဝင် လက်ဝဲဘက်တွင် အစည်းအဝေးခန်းမရှိပါသည်။ အစည်းအဝေးခန်းမများတွင် အလုပ်ရုံဆွေးနွေးပွဲများနှင့် လူငယ်များအတွက် ကွန်ပျူတာပြိုင်ပွဲများ ပြုလုပ်ကျင်းပပေးနေသည်ကို တွေ့ရပါသည်။

ရတနာပုံတယ်လီပို့ဖွင့်ပွဲနှင့် ဆဋ္ဌမအကြိမ် မြန်မာအိုင်စီတီ ရက်သတ္တပတ်ပွဲတော် ကျင်းပနိုင်ခြင်းသည် ယနေ့ အိုင်စီတီခေတ်ကြီးနှင့်အတူ ရင်ပေါင်တန်းနိုင်ရေးအတွက် ခြေလှမ်းသစ်တစ်ခု ဖြစ်ပါ၏။

မြန်မာတို့သည် "အသိပညာ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားသူများ" ဖြစ်ကြပါသည်။ မြန်မာတို့အနေဖြင့် သင်ယူခွင့်၊ လေ့လာခွင့်နှင့် စမ်းသပ်တီထွင်ခွင့် တည်းဟူသော အခွင့်အလမ်းများ ရရှိမည်ဆိုပါက နိုင်ငံတကာနှင့် စံချိန်မီ ယှဉ်ပြိုင်နိုင်သူများဖြစ်ပါ၏။

ရတနာပုံ တယ်လီပို့က အဆိုပါ အခွင့်အလမ်းများကို ပံ့ပိုးဖြည့်ဆည်းထောက်ကူပြုမည် ဖြစ်ပါ၏။ ။

စလေ အထက မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

စလေ(အထက)တွင် သင်ကြားပို့ချပေးခဲ့ကြသော အသက်(၆၀)ကျော် ဆရာ၊ ဆရာမကြီးများအား ဒီဇင်ဘာ ၃၁ရက် နံနက်၉နာရီတွင် စလေ (အထက) မြတမာခန်းမ၌ ပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသူများ ဦးသိန်းဟံ ဖုန်း-၀၆၃၄၀၂၁၆၊ ၀၂၆၇၅၁၉နှင့် ဦးမြင့်စိုး ဖုန်း-၀၆၃၄၀၂၁၃တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။

(က-ပ)

ရန်ကုန်မြို့ အလုံမြို့နယ် နံ့သာလမ်းနေ မိဘနှစ်ပါးအားရည်စူး၍ ဦးယုစိန်-ဒေါ်သန်းညွှန့် မိသားစုတို့က ဦးယုစိန်၏ မွေးနေ့အထိမ်းအမှတ် ဆေးပဒေသာပင်နှင့် သုံးထပ်ဘိုးဘွားဆောင်သစ်ကြီးအတွက် ငွေကျပ်နှစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာအမှုဆောင်အဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၅-၁၂-၂၀၀၇ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၀	၃။	ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၁၅	၄။	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၅	၆။	မျိုးချစ်တပ်မတော်
၅:၀၀	၇။	မြန်မာသံစဉ်ချိုနားဝင်
၅:၁၅	၈။	မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ
၅:၄၀	၉။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။	နိုင်ငံတကာသတင်း
၆:၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရာဇဝင်တွင်တဲ့သူရဲကောင်း" (အပိုင်း-၁၉)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	မိုးလေဝသသတင်း
	၁၇။	အမျိုးသားရေးတေးကဗျာ
	၁၈။	မွေးမြူသုတ
	၁၉။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၀။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပြည်ချစ်သူရဲကောင်း" (အပိုင်း-၁၇)**
	၂၁။	သင့်အတွက်မနက်ဖြန်
	၂၂။	အပိတ်နှုတ်ဆက်စကား
	၂၃။	ပြီးပါပြီ။

ပညာတန်ဆောင်မင်္ဂဇင်းစာမူရှင်များမှ ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင်းပွဲကျင်းပ

ပညာရေး

ရန်ကုန် ဒီဇင်ဘာ ၂၄

ပညာတန်ဆောင်မဂ္ဂဇင်းတွင် စာပေ၊ ဆောင်းပါး၊ ဘာသာပြန်၊ ဖတ်မှတ်စွမ်းရည်၊ စာစီစာကုံးစာမူများ ရေးသားပေးပို့ကြသော ပညာရေးလောက၊ ပညာရေးဝန်ထမ်းမိသားစုများမှ ဆုရရှိကြသူများအား ဂုဏ်ပြုဆုနှင်းသဘင်အခမ်းအနားကို နှစ်စဉ်ဒီဇင်ဘာလတွင်ကျင်းပနေကျအတိုင်း ယခုနှစ်အတွက် ဂုဏ်ပြုဆုနှင်းသဘင်ကို ဒီဇင်ဘာ ၂၂ရက်က ရန်ကင်း ပညာရေးကောလိပ်၌ ကျင်းပခဲ့သည်။

၂၀၀၇ခုနှစ် ပညာတန်ဆောင်စာပေပြိုင်ပွဲဆုရသူများနှင့် ပညာတန်ဆောင်မှ စာပေဗိမာန်စာမူဆုရ ကလောင်ရှင်များအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ရန်ကင်းပညာရေးကောလိပ်မြတ်ပညာခန်းမတွင် ဒီဇင်ဘာ၂၂ရက်က ပြုလုပ်ရာ စာပေပြိုင်ပွဲ ဆုရသူတစ်ဦးအား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၀၄)

ဂုဏ်ပြုဆုနှင်းသဘင်ပွဲတွင် ထူးခြားသည်မှာ ပညာတန်ဆောင်မဂ္ဂဇင်းတွင် (၅)ကြိမ်အထက်ဖော်ပြခြင်းခံရသူများမှ စာပေဗိမာန် စာမူဆုရရှိကြသော ကလောင်ရှင်များကို ပညာတန်ဆောင်က ထပ်ဆင့်ဂုဏ်ပြုခြင်းပင်ဖြစ်သည်။

ထပ်ဆင့် ဂုဏ်ပြုခံရသူ ငါးဦးနှင့် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ပြုခံတစ်ဦး ပါဝင်သည်။ ဂုဏ်ပြုဆုချီးမြှင့်ရာတွင် ဖတ်မှတ်စွမ်းရည် သုံးဦး၊ ဘာသာပြန်ဆုရသူ သုံးဦး၊ ဆောင်းပါးပြိုင်ပွဲဆုရရှိသူ သုံးဦး၊ စာစီစာကုံးပြိုင်ပွဲဆုရရှိသူ သုံးဦးနှင့် ဝတ္ထုဖတ်ပြိုင်ပွဲတွင် တစ်ဦးတို့ဖြစ်သည်။ စာစီစာကုံးပြိုင်ပွဲတွင် အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် နှစ်မျိုးခွဲခြားထားသည်။ ပြိုင်ပွဲများသို့ မြန်မာတစ်နိုင်ငံလုံးမှ ပညာရေးလောက ဝန်ထမ်းမိသားစုများသာ စာမူများ ရေးသားပေးပို့ကြရမည်ဖြစ်သည်။

နိုင်ငံတော်က ဖော်ဆောင်နေသည့် နှစ်(၃၀) ပညာရေး စီမံကိန်း၊ ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့်အစဉ် လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ် ဖြစ်ထွန်းလာစေရန်တို့ကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းများမှ ပညာတန်ဆောင်ဆုရရှိကြသူများ အနေဖြင့် ကိုယ်တိုင် ဆုတက်ရောက်ယူနိုင်ကြရန်အတွက် ဂုဏ်ပြုချီးမြှင့်ခြင်းအပြင် ဆု တက်ရောက်ယူသည့်အတွက် နေ့တွက် စရိတ်ပါ ပံ့ပိုးကူညီကြောင်း သိရသည်။

ပညာတန်ဆောင်မဂ္ဂဇင်းအုပ်ချုပ်ရေးပိုင်းတွင် တာဝန်ယူနေကြသူများ၊ စာတည်းပိုင်းတွင် တာဝန်ယူဆောင်ရွက်နေကြသူများသည် တစ်ချိန်က ပညာရေးလောကမှ အငြိမ်းစားယူထားကြသူများဖြစ်ပြီး မိမိတာဝန်ယူဆောင်ရွက်ရသော လုပ်ငန်းပိုင်းတွင် အချိန်နှင့်တစ်ပြေးညီ ပြီးမြောက်ရန် သွက်လက်ဖျတ်လတ်စွာ ဆောင်ရွက်နေကြဆဲဖြစ်သည်။

(သတင်းထောက်-ထွန်းဇော်စမ်းချောင်း)

ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ အမှတ်(၃)အခြေခံပညာဦးစီးဌာန သတ္တမအကြိမ် ပဌာန်းဒေသနာတော်ရွတ်ဆို ပူဇော်ပြိုင်ပွဲတွင် ပထမဆုရ အထက(၁)ဒဂုံ ကျောင်းသားအသင်းအား ဆုချီးမြှင့်စဉ်။ (ပညာရေး)

ဖြူးမြို့ အထက(၁) မြတ်ဆရာပူဇော်ပွဲ ခရီးစဉ်

ရန်ကုန် ဒီဇင်ဘာ ၂၄

ဖြူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (အမျိုးသားကျောင်း-၁၉၂၀) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲသို့ ရန်ကုန်မြို့မှ သွားရောက်မည့် အကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများသည် ကျင်းပရေးကော်မတီ၏ အစီအစဉ်ဖြင့် ရန်ကုန်မြို့မှ ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက် နံနက် ၆နာရီတွင် (၁၁)အဆန်ရထားဖြင့် ထွက်ခွာ၍ ဖြူးမြို့မှ ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၅ရက် ညနေ အမှတ်(၁၂) အစုန် ရထားဖြင့် ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

လိုက်ပါလိုသူများသည် ဦးဂုဏ်ရင် ဖုန်း-၀၉၅၁၄၈၈၅၃၊ ဦးသက်စိန် ဖုန်း-၂၉၂၃၁၅၊ ဦးမြဦး ဖုန်း-၂၂၉၉၄၅၊ ဦးမြဦး ဖုန်း-၆၆၀၁၃၁၊ ဦးဝင်းစိန် ဖုန်း-၀၉၅၂၀၂၂၉၈၊ ဦးကျော်ကျော် ဖုန်း-၀၉၅၀၁၂၃၇၉ တို့သို့ ဒီဇင်ဘာ ၂၉ရက်နောက်ဆုံးထား၍ စာရင်းပေးသွင်းပြီး ၂၀၀၈ခုနှစ် ဇန်နဝါရီ ၄ရက် နံနက် ၅နာရီ ရန်ကုန် ဘူတာကြီးသို့ အရောက်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဒီဇင်ဘာ ၈ရက်က ပုသိမ်မြို့ မရမ်းချိုလမ်းနေ ဦးသန်းဦး (နိုင်ရွှေစင် ရေလုပ်ငန်းကုမ္ပဏီ) - ဒေါ်စိုးစိုးရီ (KSS သောက်ရေသန့်ကုမ္ပဏီ) မိသားစုက သမီးလေး မဆုရတနာဖိုလ်၏ (၁၃)နှစ်မြောက် မွေးနေ့ အထိမ်းအမှတ်အဖြစ် ပုသိမ်မြို့ ပုဂံခေတ်သာသနာပြု အရှင်ဆပဒ သိမ်တော်ကြီး မုခ်ဦးနှင့်မဟာတံတားကြီးကို ငွေကျပ်သိန်း တစ်ရာကျော်အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းပြီး ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဇီဝိတဒါနသံဃာ့ဆေးရုံကြီး နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲ ဖွင့်ပွဲ ကျင်းပ

ဇီဝိတဒါန သံဃာ့ဆေးရုံကြီး၏ (၁၈)ကြိမ်မြောက် နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲတော် ဖွင့်ပွဲကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး၏ (၁၈)ကြိမ်မြောက် နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် ညနေ ၄နာရီခွဲတွင် အဆိုပါ ဆေးရုံကြီးဝင်းအတွင်း၌ ကျင်းပရာ ရှေးဦးစွာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းအောင်က နိဗ္ဗာန်ဈေး အလှူမင်္ဂလာပွဲ ကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရုပ်ရှင်သရုပ်ဆောင် ချစ်ချစ်ဇော်က နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲ ထုတိ ဩဘာထောမနာရတုပိုဒ်စုံကို သီဆိုသည်။

ဆက်လက်၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်တင်၊ လုပ်အားဒါနအလှူရှင်များဖြစ်ကြသော သမားတော်ကြီး ပါမောက္ခ ဒေါက်တာ ဦးအောင်သန်းဘတူနှင့် ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာ ဦးအောင်ခင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး နိဗ္ဗာန်ဈေးဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ နိဗ္ဗာန်ဈေးဆိုင်ခန်းများတွင် စားသောက်ဖွယ်ရာများ၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများကို ရောင်းချကြပြီး ရောင်းရငွေများကို ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ပြန်လည်လှူဒါန်းကြမည် ဖြစ်သည်။ (သတင်းစဉ်)

သန်လျင်မြို့ ကျောင်းအုပ်စု အမှတ်(၆) ပညာရည်ချွန် ဆုနှင်းသဘင်အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက်က အထက(၂)ရတနာခန်းမ၌ ကျင်းပရာ ဘာသာစုံ ထူးချွန်ဆုရ မရွှေရည်နှင်းအား အုပ်စုခေါင်းဆောင် အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးအာရ်မြလွင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၅၂၇)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်နယ်နှင့်တိုင်း ဂူရှူးပြိုင်ပွဲဆုချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၂၄

၂၀၀၇ ခုနှစ် ဒုတိယအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း ဂူရှူးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ရက် နံနက် ၁၁နာရီက အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုပေးပွဲကိုဆက်လက်ကျင်းပရာ ရှေးဦးစွာ ထောက်လုပြိုင်ပွဲနှင့် ဆန်းဆိုပြိုင်ပွဲများ၌ ဆုရရှိသူများအား အားကစားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များက အောင်နိုင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါ်အယ်လ်ခွန်းရီက အမျိုးသမီး ဆန်းဆို (၄၅)ကီလိုတန်းနှင့် (၅၂)ကီလိုတန်း ဆုရရှိသူများကို လည်းကောင်း၊ အကောင်းဆုံးဆု ရရှိကြသော ထောက်လုအမျိုးသား- ဝေဖြိုးအောင် (ရန်ကုန်)၊ အမျိုးသမီး-ရွှေရည်လင်း (ရန်ကုန်)၊ ဆန်းဆိုအမျိုးသား-ကိုထွေး (ကယား)နှင့် လှလှဝင်း(မန္တလေး)တို့ကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ထောက်လုပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်းအသင်း၊ ဆန်းဆိုပြိုင်ပွဲ ပထမဆုရ ရန်ကုန်တိုင်း အသင်းတို့အား တံခွန်စိုက်ဒိုင်းနှင့် ဆင့်ပွားဒိုင်းတို့ကို လည်းကောင်း၊ ပြိုင်ပွဲနှစ်ရပ်ပေါင်းတွင် ပထမဆုရ ရန်ကုန်တိုင်းအသင်းအား စွယ်စုံတံခွန်စိုက်ဒိုင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ (ကြေးမုံ)

တံခွန်စိုက်ဒိုင်းဆုရရှိသော ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ကိုယ်စား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ပေးအပ်ချီးမြှင့်စဉ်။ (ကြေးမုံ)

နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဝိနယာလင်္ကာရ၏ တရားပွဲသဘင်

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ရပ်ကွက် တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်များ၏ ဦးစီးပဓာန မဟာနာယက နိုင်ငံတော်သြဝါဒါစရိယ တောတိုက် ဆရာတော်ကြီး၏ တပည့်ရင်း နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဝိနယာလင်္ကာရသည် ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ မိတ္ထီလာမြို့ ဆုတောင်းပြည့် သာသနာ့ဗိမာန်တော်ကြီး၌ သုံးညတိုင်တိုင် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရှိရသည်။

(က-ပ)

ပန်းတစ်ပွင့်တောင် ဆရာတော် ညစဉ် ဓမ္မတရားပွဲများ

ရန်ကုန် ဒီဇင်ဘာ ၂၄

ပန်းတစ်ပွင့်တော် ဆရာတော်သည် ဒီဇင်ဘာ ၂၇ ရက်၌ တိုက်ကြီးမြို့နယ် ပြည်သဒ္ဓမ္မဇောတိကာရုံ ကျောင်းတိုက်၊ ၂၈ ရက်၌ အလုံသိပ္ပံဈေး၊ ၂၉ ရက်၌လမ်းမတော်သံဈေး၊ ရှင်ဥပဂုတ္တပွဲ ဇန်နဝါရီ ၅ ရက်၌ မြောက်ဥက္ကလာ (၄) ရပ်ကွက် ကရဏာလမ်း၊ ၆ ရက်နှင့် ၇ ရက်၌ တောင်ဥက္ကလာပ နန္ဒဝန်ဈေး၊ ၈ ရက်၌ မော်ဘီ ဓမ္မာရုံကျောင်း၊ ၉ ရက်၌ လှိုင်မြို့နယ် (၁၆)ရပ်ကွက် ပါသာဒိကာရုံကျောင်း၊ ၁၀ ရက်၌ မြောက်ဥက္ကလာ ဘုမ္မာ ၆ လမ်း၊ ၁၅ရက်၌ ဗိုလ်တထောင်မြို့နယ်၊ ၁၇ ရက်၌ ရေစကြိုမြို့နယ် မိဖုရားရွာတို့တွင် ညစဉ်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည် ဖြစ်ကြောင်း သတင်းရရှိသည်။ (က-ပ)

သတင်းမှတ်တမ်း

မင်္ဂလာဗျူဟာအသင်းချုပ် သွေးလှူဒါန်းပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်းရှိမင်္ဂလာဗျူဟာ အသင်းချုပ်တွင်(၉၂)ကြိမ်မြောက် ဒါနဥပပါရမီ သွေးလှူဒါန်းပွဲကို ဒီဇင်ဘာ ၃၀ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ပါ၍ မည်သူမဆို သွေးလှူဒါန်း၍ ကုသိုလ်ယူနိုင်ကြောင်းနှင့် သွေးလှူရှင်များအတွက် အာဟာရကုသိုလ်၊ ပဒေသာမဲ (အမှတ်တရပစ္စည်း) များ ပေးရန်အတွက် အလှူငွေများနှင့် ပစ္စည်းများကို လှူဒါန်းလိုပါက အသင်းချုပ် ဖုန်း-၃၇၀၉၅၈ သို့ ဆက်သွယ်ကြပါရန်နှင့် သွေးလှူဒါန်းလိုသူများသည် ဒီဇင်ဘာ ၂၉ ရက် (စနေနေ့)နံနက် ၇နာရီမှစ၍ ကိုယ်တိုင် အသိအမှတ်ပြု ကတ်ပြားပေး၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

လက်ထပ်မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့နေ ပါမောက္ခ ဦးသံမိုး [ဂုဏ်ထူးဆောင် ပါမောက္ခ(ငြိမ်း) ဗိသုကာဌာန-YTU]
MD, New Force Co., Ltd.-ဒေါ်ပြုံးသွင်တို့၏ သားလတ်
မောင်ရန်နိုင်စိုး(ခ)ငယ်ဆူး (တေးရေး၊ တေးဆို)
Bachelor of Business Administration (BBA)(YIEco)
Heatec Jietong Pte Ltd. (Singapore)
နှင့်
ရန်ကုန်မြို့နေ ဦးကျော်မြင့် [ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) စက်မှုညွှန်ကြားရေးဦးစီးဌာန အမှတ်(၁) စက်မှုဝန်ကြီးဌာန]-ပါမောက္ခ ဒေါက်တာဒေါ်ခင်ဝင်း [ပါမောက္ခ/ဌာနမှူး(ငြိမ်း) တပ်မတော်ဆေးတက္ကသိုလ်] တို့၏ သမီးထွေး
မမိုးသော်တာကျော် Diploma in ECC Engineering (NYP, S'pore)
Final Year, B.Sc (Management) (Singapore Institute of Management)
တို့၏ ၂၃-၁၂-၂၀၀၇ ရက် (တနင်္ဂနွေနေ့)တွင် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပသော လက်ထပ်မင်္ဂလာ မော်ကွန်းတင်လက်မှတ်ရေးထိုးပွဲနှင့် ၂၄-၁၂-၂၀၀၇ (တနင်္လာနေ့) မြရိပ်ညိုရှိုင်ရယ်ဟိုတယ် မြက်ခင်းပြင်တွင် ကျင်းပသော မင်္ဂလာဧည့်ခံပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ကြပါသော ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ အနုပညာမောင်နှမများ၊ စာနယ်ဇင်းဆရာများ၊ သူငယ်ချင်းများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင် လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ရန်နိုင်စိုး(ခ)ငယ်ဆူး-မမိုးသော်တာကျော်

ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲနှင့် ဆုနှင်းပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

အမှတ်(၃) အခြေခံပညာဦးစီးဌာန သတ္တမအကြိမ် ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ပညာရေးဓမ္မာရုံ၌ ကျင်းပရာ အခမ်းအနားသို့ အမှတ်(၃) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဖိတ်ကြားထားသူများ၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ရန်ကုန်တိုင်းအတွင်းရှိ ခရိုင်လေးခရိုင် ကိုယ်စားပြု အခြေခံပညာကျောင်းများမှ ပြိုင်ပွဲဝင်ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပေးအပ်ချီးမြှင့်

ပဋ္ဌာန်းဒေသနာတော် ရွတ်ဆိုပူဇော်ပြိုင်ပွဲ ကျင်းပအပြီးတွင် ဆုရရှိသော အသင်းများအား ဆုများချီးမြှင့်ရာ အမှတ် (၃)အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူက ပထမဆုရအထက(၁) ဒဂုံကျောင်းသားအသင်းနှင့် အထက(၂) လသာကျောင်းသူအသင်းတို့အား လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်က ဒုတိယဆုရ အထက(၁) သန်လျင်ကျောင်းသားအသင်းနှင့် ကျောင်းသူအသင်းတို့အားလည်းကောင်း၊ ညွှန်ကြားရေးမှူးများက တတိယဆုရ အလက(၂) သာကေတ ကျောင်းသားများအသင်းနှင့် အထက လှည်းကူးကျောင်းသူများအသင်း၊ အမွှမ်းရွတ်ဆို ပူဇော်မှု အကောင်းဆုံးဆုရ အထက(၁)ဒဂုံမှ မောင်အောင်ကျော်ဖြိုးနှင့် အထက (၂) လသာမှ မအေးချမ်းဖြူတို့အား လည်းကောင်းဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

(သတင်းစဉ်)

သရက်အကျဉ်းထောင် ရေသန့်စက်ရုံ ပန္နက်တင်မင်္ဂလာကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

မကွေးတိုင်း သရက်မြို့ရှိ အကျဉ်းဦးစီးဌာန သရက်အကျဉ်းထောင် ရေသန့်စက်သစ် တည်ဆောက်ခြင်း ပန္နက်တင် မင်္ဂလာအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက်ပိုင်းတွင် အဆိုပါ သရက်အကျဉ်းထောင်၌ ကျင်းပရာ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင် ဒေါ်ပုံပုံက ရေသန့်စက် လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဝင်း၊ ပဲခူး-မကွေးတိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူး ဦးသိန်းဇော်၊ အလှူရှင် ဒေါ်ပုံပုံနှင့် သရက် အကျဉ်းထောင် တာဝန်ခံအရာရှိလက်ထောက် ညွှန်ကြားရေးမှူး ဦးဝေလင်းထွန်းတို့က မင်္ဂလာပန္နက်တိုင်များ စိုက်ထူပေးသည်။ **(အောက်ပုံ)**

လှူဒါန်း

ယင်းရေသန့်စက်ရုံကို မကွေးမြို့နေ "တိုး" ဆီထွက်သီးနှံ ရောင်းဝယ်ရေး လုပ်ငန်းရှင် ဦးတိုး၊ ဒေါ်ပုံပုံတို့က လှူဒါန်းခြင်းဖြစ်ပြီး ငွေကျပ်သိန်း ၁၂၀ ကျော် ကုန်ကျမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘုမိဗေဒကျောင်းသားဟောင်းများ မိတ်ဆုံစားပွဲ

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (၁၉၆၉-၁၉၇၃)ခုနှစ် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ မိတ်ဆုံစားပွဲကို ၂၀၀၈ ခုနှစ် ဇန်နဝါရီ ၆ ရက် ညနေ ၆ နာရီ၌ သခင်မြပန်းခြံအနီး ၃၆၉ စားသောက်ဆိုင်၌ ပြုလုပ်မည်ဖြစ်ကြောင်းနှင့် ရပ်ဝေး၊ ရပ်နီးရှိ ကျောင်းနေဘက်သူငယ်ချင်းများ တက်ရောက်ကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နိုင်ငံရေးလှုပ်ရှားမှုများအပေါ် စိတ်ဝင်စားမှုမရှိ ပုလောမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့မှ NLD ပါတီဝင်လေးဦး နုတ်ထွက်

ရန်ကုန် ဒီဇင်ဘာ ၂၄

တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်တစ်ဦးဖြစ်သူ မကျည်းကုန်းကျေးရွာနေ ဦးမင်းသူသည် ဒီဇင်ဘာ ၁၄ ရက်တွင် ၎င်း၏ဆန္ဒအလျောက် NLD ပါတီဝင်အဖြစ်မှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး ပုလောမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးညွန့်ငွေထံ လာရောက်ပေးအပ်ခဲ့ကြောင်း၊ ၎င်း၏ နုတ်ထွက်စာကို NLD ဌာနချုပ်ရုံး၊ ပုလောမြို့နယ် NLD ရုံးနှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့လည်း ပေးပို့ခဲ့ကြောင်း သိရှိရသည်။

အလားတူ ရန်ကုန်တိုင်း ဒေါပုံမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးသိန်းထွေး၊ ဦးကျော်မင်းထူးနှင့် ဦးအောင်ထွန်းတို့သည် ဒီဇင်ဘာ ၁၇ ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီဝင်အဖြစ်မှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ မြို့နယ်ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဦးမျိုးနိုင်ထံ လာရောက်ပေးအပ်ခဲ့ကြောင်း၊ ၎င်းတို့၏နုတ်ထွက်စာများကို NLD ဌာနချုပ်ရုံး၊ မြို့နယ် NLD ရုံးနှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်း အသီးသီးတို့သို့လည်း ပေးပို့ခဲ့ပြီးကြောင်း သိရှိရသည်။

၎င်းတို့၏နုတ်ထွက်စာများတွင် NLD ပါတီ၏ လှုပ်ရှားမှုများအပေါ် စိတ်ဝင်စားမှုမရှိခြင်း၊ နိုင်ငံရေးလှုပ်ရှားမှုများအပေါ် စိတ်ဝင်စားမှုမရှိခြင်းတို့ကြောင့် NLD ပါတီဝင်အဖြစ်မှ နုတ်ထွက်ခြင်းဖြစ်သည်ဟု ဖော်ပြထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဝရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၄

ရန်ကုန် အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် (၅)ရပ်ကွက် ဘဝရှေ့ဆောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက်က ယင်းစာကြည့်တိုက်သစ်ရှေ့၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်နှင့် အတွင်းရေးမှူး ဒေါ်စန်းစန်းရီ၊ အရှေ့ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်နှင့် မြို့နယ်ဦးစီးမှူး ဦးအေးလှသိန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမောင်မောင်ဆင့်နှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ စာကြည့်တိုက်ကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ အလက(၂) ကျောင်းအုပ်ဆရာကြီး ဦးအောင်ရှိန်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်နှင့် ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးညွန့်တို့က အမှာစကားပြောကြားကြပြီး ရပ်ကွက်ဥက္ကဋ္ဌ စာကြည့်တိုက်ကော်မတီ နာယက ဦးကြည်ဝင်းက စာကြည့်တိုက် ဖြစ်ပေါ်လာပုံအဆင့်ဆင့်ကို ရှင်းလင်း၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်က ၂၀ လက်မ ရုပ်မြင်သံကြား ဖမ်းစက်ကို စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးမောင်လှအား ချီးမြှင့်ပေးအပ်ကာ **(အပေါ်ဝဲပုံ)** မင်္ဂလာအချိန်တွင် ဘဝရှေ့ဆောင် စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။ (၅၃)

မှုခင်းသတင်းများ

ယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည်များ ဒဏ်ရာရ

ရန်ကုန် ဒီဇင်ဘာ ၂၄

မင်္ဂလာဒုံမြို့နယ် အောင်မင်္ဂလာ အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းထိပ်၊ အမှတ် (၃)လမ်းမကြီးတွင် ယမန်နေ့ နံနက် ၈ နာရီခန့်က ဦးမြင့်သိန်း(၅၀)နှစ် (ဘ) ဦးအေးသိမ်း မောင်းနှင်သော အမှတ်(၇၉) ခရီးသည်တင်ယာဉ်လိုင်းမှ ဒိုင်နာယာဉ်အမှတ် (၄က/၃၀၅၉) သည် မောင်းနှင်လာစဉ် ရှေ့ဘီးတာယာကွဲထွက်၍ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်ပါခရီးသည် အမျိုးသား ခုနစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့မှာ သာမန် ထိခိုက်ပွန်းပဲ့ ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရသူများကို မြောက်ဥက္ကလာပဆေးရုံတွင် ပြင်ပလူနာများအဖြစ် ကုသမှုပေးခဲ့ကြောင်း၊ ယာဉ်တိမ်းမှောက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း ဦးမြင့်သိန်းအား ဥပဒေအရေးအရေးယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ်တွင် မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၂၄

အင်းစိန်မြို့နယ် မြို့သစ် (ဂ)ရပ်ကွက် ရွှေဝါ (၂)လမ်းရှိ ဝင်းအောင် (၃၃)နှစ် (ဘ) ဦးသန်းစိုး၏နေအိမ်၌ ဒီဇင်ဘာ ၂၄ ရက် ညနေ ၃ နာရီ ၅ မိနစ်ခန့်က ထမင်းချက်စဉ် မီးသွေးမီးဖိုမှတစ်ဆင့် မီးဖိုချောင်ထရံကို မီးကူးစက်လောင်ကျွမ်းခဲ့ရာ အနီးရှိ နေအိမ်ရှစ်လုံး ကူးစက်လောင်ကျွမ်းသည်။ မီးလောင်ရာသို့ အင်းစိန်၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ လှိုင်၊ စမ်းချောင်း၊ လှိုင်သာယာမြို့နယ်များမှ မီးသတ်ယာဉ် ၃၁ စီး၊ အုပ်ချုပ်မှုယာဉ် ရှစ်စီး စုစုပေါင်း ၃၉ စီး ရောက်ရှိ ငြိမ်းသတ်ခဲ့ရာ ညနေ ၄ နာရီတွင် မီးငြိမ်းသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်သူ့ဆန္ဒ သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ဆီရောနှောသုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ တက်ရောက်ချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၂၄

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ရခိုင်ပြည်နယ် လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ လျှပ်စစ်ဓာတ်အားပြည့်ဝစွာရရှိစေရေးအတွက် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် စစ်တွေခရိုင် မင်းပြားမြို့နယ် မြို့မအလယ်ပိုင်းရပ်ကွက်၌ 125 KVA စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ဆီရောနှောသုံး ဓာတ်အားပေးစက်ရုံဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ ချီးမြှင့်ပေးကြသည်။

ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ မင်းပြားမြို့နယ် မြို့မအလယ်ပိုင်းရပ်ကွက် စပါးခွံဓာတ်ငွေ့နှင့်ဒီဇယ်ဆီရောနှောသုံး ဓာတ်အားပေးစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂၊ လျှပ်စစ်)

အစီအစဉ်အရ မင်းပြားမြို့နယ် ဒုတိယအကြိမ် 125 KVA စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ဆီရောနှောသုံး ဓာတ်အားပေးစက်ရုံဖွင့်လှစ်ခြင်း အထိမ်းအမှတ် အလံများကို တိုင်းမှူးဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့ထံပေးအပ်ကြပြီး စစ်တွေခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသောင်း၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း စစ်တွေခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်အောင်ဇော်နှင့် မြို့မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ထွန်းတို့က 125 KVA အမှတ်(၂) စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ဆီရောနှောသုံး ဓာတ်အားပေးစက်ရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် 125 KVA အမှတ်(၂) စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ဆီရောနှောသုံး ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲဆိုင်းဘုတ်ကို မြို့မီးလင်းရေးကော်မတီဝင်တစ်ဦးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်တို့က ဖွင့်လှစ်ပေးကြသည်။

အမွှေးနံ့သာရည်ပက်ဖျန်း

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မောင်ရှိန်နှင့် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်တို့က 125 KVA အမှတ်(၂) စပါးခွံဓာတ်ငွေ့နှင့် ဒီဇယ်ဆီရောနှောသုံး ဓာတ်အားပေးစက်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီး ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မီးခလုတ်ကိုနှိပ်၍ စက်စတင်လည်ပတ်ပြီး လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးသည်။

ထို့နောက် တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဓာတ်အားပေးစက်ရုံအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ အားကစားဝန်ကြီးဌာနအသင်းနှင့် နယ်စပ်/စည်ပင်ဝန်ကြီးဌာနအသင်းတို့ ဗိုလ်လုပွဲယှဉ်ပြိုင်မည်

နေပြည်တော် ဒီဇင်ဘာ ၂၄

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ အမျိုးသားဘော်လီဘောပြိုင်ပွဲ ဒုတိယအကြိုဗိုလ်လုပွဲကို ယနေ့နံနက် ၇နာရီတွင် နေပြည်တော်ရှိ ဘော်လီဘောပြိုင်ကွင်း အမှတ်(၄)၌ ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် အားကစားဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကြရာ အားကစားဝန်ကြီးဌာနအသင်းက သုံးပွဲ-နှစ်ပွဲ ဖြင့် အနိုင်ရရှိသွားပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

စာမျက်နှာ ၈ ကော်လံ ၅ သို့ ➪

★ မိုးလုံးပြည့်မုသာဝါဒီ RFA VOA နှင့် BBC

★ RFA VOA BBC အဖျက်သမားများ သတိထား

★ RFA VOA နှင့် BBC လေလှိုင်းပေါ်က လူသတ်သမားများ ပြည်သူအားလုံး သတိထား